မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်း

မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ နမ့်ပက်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိ

စီမံကိန်းမှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ်နာရီသန်း ထုတ်လုပ်နိုင်မည်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ခရီးစဉ်၌ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းယာယီရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဆည်တော်ကြီးရေလှောင်တမံ၏ အထက်ဘက် ၃၃ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ရေဧကပေ ငါးသိန်းကျော်သိုလှောင်မည့် ရေလှောင်တမံတည်ဆောက်၍ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်အားရှိသော စက်သုံးလုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်နှင့် အောက်ဘက်ရှိ ဆည်တော်ကြီး ရေလှောင်တမံသို့ ရေကူရေဖြည့်ပေးရန်ရည်ရွယ်၍ အထက်ဆည်တော်ကြီးစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျား ပေ ၃၂၀၀ ၊ အမြင့်ပေ ၂၄၀ ရှိမည်ဖြစ်ပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန် (၂၂-၄-၂၀၀၉)

ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် ၂၂ - ၄ - ၂၀၀၉

ကျိုက္ကမီ	၃ ဒသမ ၉၀ လက်မ
မြစ်ကြီးနား	၁ ဒသမ ၃၈ လက်မ
ကော့ကရိတ်	၁ ဒသမ ၁၄ လက်မ
ရေး	၀ ဒသမ ၆၃ လက်မ
လားရှိုး	၀ ဒသမ ၅၉ လက်မ

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဧပြီ ၂၃ ရက်)

ယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းစောင့်ရှောက် သမိုင်းအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းအထောက်အထားများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့သည် ၎င်းဖြစ်တည်ရှင်သန်ခဲ့သော ပထဝီဝင်အနေအထားနှင့် တူးဖော်တွေ့ရှိရသည့် အထောက်အထားများက သက်သေပြုလျက်ရှိသည်။

သမိုင်းသုတေသနဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေခြင်း၊ ဘူမိဗေဒဆိုင်ရာ တိုင်းတာမှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ပြုလုပ်လျက်ရှိရာတွင် မကွေးတိုင်း မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ ပေါ်ထွက်နေသော ဧရာဝတီကျောက်လွှာစုတွင် ရှာဖွေသုတေသနပြုစဉ် သတ္တဝါများ၏ အရိုးအပိုင်းအစများကို သုတေသနပြု တွေ့ရှိခဲ့ရသည်။

ယင်းသို့ ရှာဖွေတွေ့ရှိရာ၌ ပရိုင်းမိတ်၏အံသွားနှင့် နို့တိုက်သတ္တဝါများဖြစ်သော ရှေးဦးကြံ့၏ အောက်မေးရိုးပါသွားများနှင့် အရိုးအပိုင်းအစများ၊ ရှေးဦး ဆင်တို့၏ အံသွားများ၊ ကြွက်၊ ရှဉ့်၊ ယုန်မျိုးနွယ်ဝင်သတ္တဝါ၏ ရှေ့အံသွားပါ မေးရိုးတစ်ခု၊ အသားစားသတ္တဝါ၏ မေးရိုးနှင့် သွားအပိုင်းအစ တစ်ခု၊ ရှေးဦး ရေမြင်း၏ သွားပါမေးရိုးနှင့် အံသွားလွတ်များ၊ ကျွဲနွားတို့၏ မေးရိုးပါသွားများနှင့် အရိုးအပိုင်းအစများ၊ ဖွတ်သတ္တဝါတို့၏ အရိုးအပိုင်းအစများ ပါဝင်သည်။

ယခု ရှာဖွေသုတေသနတွေ့ရှိရသည့် ကျောရိုးရှိ နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများသည် သုတေသနပြုနေသော နှစ်ပေါင်း ၁၀၀ကျော်အတွင်း ပထမဦးဆုံး တွေ့ရှိချက်ပင်ဖြစ်သည်။

ဘူမိသက်တမ်း နှစ်ပေါင်းငါးသန်းမှ နှစ်သန်းခန့်သက်တမ်းရှိ ဧရာဝတီကျောက်လွှာစု၏အလယ်ပိုင်း ကျောက်လွှာအတွင်း ရှာဖွေတွေ့ရှိခြင်းကြောင့် အာရှဒေသတွင် သက်တမ်းအရင့်ဆုံး ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ လူတူမျိုးနွယ်များနှင့်အတူ ဆာကိုပီးသီးစီးအေး မျိုးရင်းဝင် ပရိုင်းမိတ်တို့သည် အတိတ်ခေတ် မြန်မာနိုင်ငံ၏ရေမြေပေါ်တွင် အတူယှဉ်တွဲ ရှင်သန်နေထိုင်ခဲ့ကြောင်းကို ဖော်ထုတ်နိုင်ခဲ့၍ သမိုင်းတန်ဖိုး မြင့်မားခဲ့ပေသည်။

သို့ဖြစ်ပေရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှုဟူသည့် ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရန် ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပါဝင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂြိုဟ်တုဆက်သွယ်ရေးစခန်း အငေးပြောဖုန်း
မင်းတပ်မြို့နယ် မကွီအိမ်နူးကျေးရွာတွင်ဖွင့်

မင်းတပ် ဧပြီ ၂၂

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ် မကွီအိမ်နူးကျေးရွာတွင် MPT TERMINAL ဆက်သွယ်ရေးစခန်းကို ဧပြီ ၁၆ရက် နံနက် ၁၀နာရီက ဖွင့်လှစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဦးအွမ်ဂေလိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖ ၆၀၀ကျော်တို့ တက်ရောက်ကြ ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၃-၄-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၂)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၆)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၁)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)ရှေ့ ရန်ကုန်-ပြည်ကားလမ်းမကြီးအား လမ်းပခုံးအကျယ် တိုးချဲ့ပြီးစီးမှုနှင့် ယာဉ်ရပ်နားမှတ်တိုင် ပြုလုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ်(မှော်ဘီ) တည်ဆောက်ရေးလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ်(မှော်ဘီ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် နံနက် ၇နာရီတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ)ရှေ့ ရန်ကုန်-ပြည်ကားလမ်းမကြီးအား လမ်းပခုံးအကျယ် တိုးချဲ့ပြီးစီးမှုနှင့် ယာဉ်ရပ်နားမှတ်တိုင် ပြုလုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နည်းပညာတက္ကသိုလ်(မှော်ဘီ) သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ်နှင့် စီမံကိန်းမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ရှိ စံပြကြက်ဆူစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကာ စုရပ်မျှော်စင်မှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

ယူကလစ်စိုက်ပျိုးရေးနှင့် အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း ပညာပေးရှင်းလင်း

ကျိုင်းတုံ ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉ခုနှစ် မိုးရာသီတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စံပြကျေးရွာပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် တစ်ရွာတစ်ဧကစံပြကျေးရွာ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ တစ်အိမ်ထောင် သစ်မာ ယူကလစ်အပင်၂၀ စိုက်ပျိုးရေးနှင့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ပညာပေးရှင်းလင်းပွဲကို ဧပြီ ၅ရက်က ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်း သစ်တောပျိုးဥယျာဉ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှင်းလင်းပွဲတွင် ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်(၂) **(အောက်ပုံ)**က ယူကလစ်ပင်စိုက်ပျိုးနည်း၊ ယူကလစ်ပင်မှ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျိုင်းတုံမြို့နယ် ပန်ကျကျေးရွာအုပ်စုအတွင်းရှိ ကျိုင်းဖောင်းရွာ၊ ပန်ဦးရွာ၊ ပန်ဆန်းရွာ၊ ပန်ကျင်ရွာနှင့် ဝင်းဘိုလမ်းခွဲကျေးရွာများမှ ကျေးလက်ပြည်သူများအား ရှင်းလင်းပြောကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

*** ရှေ့ဖုံးမှ**

တမံအူကြောင်းသုံးနေရာ ရှာဖွေတိုင်းတာခဲ့ပြီးနောက် ယခု တမံအူကြောင်းနေရာကို စိစစ်ရွေးချယ်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ရမည့် လုပ်ငန်းကဏ္ဍများဖြစ်သော ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း အပါအဝင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ရှင်းလင်းတင်ပြသည်။

တိုးတက်ထုတ်လုပ်

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ရေယူအဆောက်အအုံ၊ ရေယူဥမင်၊ ရေဆောင့်ဖြေကန်၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ရေထုတ်မြောင်း၊ Switch Yard တို့ကို တာဝန်ယူတည်ဆောက်ရမှာ ဖြစ်ပါကြောင်း၊ အထက်ဆည်တော်ကြီး စီမံကိန်း၌ ဓာတ်အား မဂ္ဂါဝပ် ၂၀ စီ ထုတ်လုပ်မည့် စက်သုံးလုံး တပ်ဆင်ထားခြင်းဖြင့် မဂ္ဂါဝပ် ၆၀၊ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ်နာရီသန်း ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း၊ အောက်ဘက်ရှိ ဆည်တော်ကြီး လက်ရှိရေအားစက်ရုံ၏ ထုတ်လုပ်မှုကိုလည်း ၁၃၄ ကီလိုဝပ် နာရီသန်းမှ ၁၉၄ ကီလိုဝပ်နာရီသန်းအထိ ကီလိုဝပ်နာရီသန်း ၆၀ ထပ်မံတိုးမြှင့်ထုတ်လုပ်ပေးနိုင်မှာဖြစ်၍ တည်ဆောက်လျက်ရှိသော အထက်ဆည်တော်ကြီးနှင့် လက်ရှိအောက်ဆည်တော်ကြီး နှစ်ခုပေါင်းစပ်၍ တစ်နှစ် ဓာတ်အားကီလိုဝပ်နာရီ ၅၀၉ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်မှာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ရှိဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်အားများကို လက်ခံရယူဖြန့်ဖြူးပေးနေသောစနစ်၊ အထက်ဆည်တော်ကြီး စီမံကိန်းပြီးစီးပါက အထက်ဆည်တော်ကြီး ရေအားလျှပ်စစ် စက်ရုံမှထုတ်လုပ်မည့် ဓာတ်အားများကို လက်ခံရယူဖြန့်ဖြူးပေးမည့် စနစ်များကို ရှင်းလင်းတင်ပြသည်။

အားထုတ်လုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဤအထက်ဆည်တော်ကြီးစီမံကိန်းသည် နိုင်ငံတော်အတွက်လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ပေးမှာဖြစ်သည့်အပြင် လက်ရှိဆည်တော်ကြီး၏ ရေသောက်ဧရိယာဧကကို စိုက်ပျိုးရေပိုမိုဖြန့်ဝေနိုင်အောင် ရေကူရေဖြည့်ပေးမည့် စီမံကိန်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအတွက်ရော၊ စိုက်ပျိုးရေအတွက်ပါ ပိုမိုအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်များဖြင့် ရင်းနှီးမြှုပ်နှံထူထောင်သော စီမံကိန်းဖြစ်၍ စီမံကိန်းကြီးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့က ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ရန်လိုကြောင်း၊ လျာထားသတ်မှတ်ထားသည့် ကာလအတွင်း စီမံကိန်းကိုပြီးစီးအောင် ဦးစားပေး အားထုတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအလိုက် တာဝန်ယူတည်ဆောက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး သုံးစွဲမည့်လုပ်အားပိုင်း၊ ငွေကြေးပိုင်း၊ ယန္တရားပိုင်းနှင့် ပစ္စည်းပိုင်း တွက်ချက်မှုများနှင့်အတူ မည်သည့်လုပ်ငန်းကို မည်သည့်အချိန်ကာလ၌ ပြီးစီးရမည်ဆိုသည့်လုပ်ငန်းဇယားရေးဆွဲ၍ ကြပ်မတ်အကောင်အထည်ဖော်ကြရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

သက်ဆိုင်ရာနယ်မြေတာဝန်ခံတိုင်းမှူးကလည်း စီမံကိန်းလုပ်ငန်းများကို ကြပ်မတ်သွားရန်ဖြစ်ကြောင်း၊ မန္တလေးတိုင်း စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် အရေးပါသည့်စီမံကိန်းဖြစ်၍ တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အားထုတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ ရေသောက်ဧရိယာအခြေအနေ၊ ဆည်တမံလုပ်ငန်းသစ်များကြောင့် အသစ်ထပ်မံ တိုးပွားလာနိုင်မည့် ရေသောက်ဧရိယာ၊ စပါးစိုက်ဧရိယာ တိုးချဲ့နိုင်မည့်အလားအလာနှင့် ဒေသဆန်ဖူလုံမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆက်လက်မေးမြန်းညှိနှိုင်းသည်။

တင်ပြ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီးများကလည်း စပါးစိုက်ဧကတိုးချဲ့နိုင်မည့် အခြေအနေ၊ တစ်ဧကအထွက်နှုန်းတိုးတက်မည့် အလားအလာ၊ မြစ်ရေတင်စီမံကိန်းများ၏ ရေသောက်စနစ်၊ စိုက်ပျိုးနိုင်သည့် သီးနှံပုံစံနှင့် လျှပ်စစ်ဓာတ်အားရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မြေစာရင်းဌာနတို့မှ တာဝန်ခံများကလည်း ရေသောက်ဧရိယာ၌ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးမှု၊ သီးနှံစိုက်ဧကတိုးတက်မှုနှင့် စပါးစိုက်ဧက တိုးတက်လာနိုင်မည့် အခြေအနေတို့ကို တင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အနေဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆည်ရေသောက်ဧရိယာဧကများ အပါအဝင် လယ်ယာစာရင်းဇယားများ မှန်ကန်ရေးအတွက် အလေးထားလုပ်ကိုင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ်တပ်ဆင်အား မဂ္ဂါဝပ်၆၀ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ်နာရီသန်း ထုတ်ပေးနိုင်မည့်အပြင် လက်ရှိဆည်တော်ကြီး ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည့် စီမံကိန်းဖြစ်သည်။

ထို့အပြင် ဆည်တော်ကြီးရေလှောင်တမံသို့ ရေကူရေဖြည့်ပေးနိုင်သဖြင့် နွေစပါးစိုက်ဧက ၁၀၀၀၀ ခန့်ကို ထပ်မံတိုးမြှင့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် အထက်ဆည်တော်ကြီး စီမံကိန်းမှ မန္တလေးမြို့သို့ ပြန်လည် ထွက်ခွာလာရာ စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ရေလှောင်တမံနှင့် ဆည်တော်ကြီးရေလှောင်တမံတို့၏ ရေဝင်မှုအခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဟာသရုပ်သံ ဇာတ်လမ်းများ နေ့စဉ် နာရီဝက်ခန့် ကြည့်ရှုပေးပါလျှင် ဆီးချိုသွေးချို မြင့်တက်မှု ကျဆင်းစေနိုင်ဟုဆို

စိတ်လက်ပေါ့ပါးရွှင်မြူးဖွယ်ရာ ဗီဒီယိုဇာတ်လမ်းများကို တစ်နေ့လျှင် နာရီဝက်ခန့် ကြည့်ရှုပေးပါက ဆီးချိုရောဂါသည်များ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

တွေ့ရှိရ

ဆီးချို သွေးချိုရှိသူ ဝေဒနာရှင်များအား စိတ်လက်ပေါ့ပါးစေသော ဗီဒီယိုဇာတ်လမ်းများကို နေ့စဉ်နာရီဝက်ခန့် ပုံမှန်ကြည့်စေခဲ့ပြီး တစ်ပတ်တစ်ကြိမ် စစ်ဆေးခဲ့ရာ ဆီးချိုသွေးချို မြင့်တက်မှုမရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

အကြံပြု

ထိုသို့ ဗီဒီယိုနှင့် ရုပ်မြင်သံကြားဇာတ်လမ်းများကို ကြည့်ရှုရာတွင် အထူးသဖြင့် ဟာသမြောက်သော ဇာတ်လမ်းများသာ ဦးစားပေး ကြည့်ရှုသင့်ကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက အကြံပြုထားသည်။

လျော့နည်းစေ

ရယ်ရွှင်စရာ စိတ်ပေါ့ပါးစေသော ရုပ်မြင်သံကြား ဇာတ်လမ်းနှင့် ဟာသ ဗီဒီယိုဇာတ်ကားများကို သွေးတိုးနှင့် နှလုံးရောဂါရှိသူများလည်း နာရီဝက်ခန့် ကြည့်ရှုသင့်ကြောင်း၊ ရောဂါဖြစ်ပွားမှု လျော့နည်းစေကြောင်း ၎င်းတို့က ဆက်လက် အကြံပြုထားသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့
(ဥပုသ်နေ့)
(ကြာသပတေးနေ့)
၂၃-၄-၂၀၀၉ ရက်

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပဒေသာ
၈:၀၅ ၆။ **နှင်းကြည့်စမ်းပါ** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ - မင်းအုပ်စိုး)
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၀ ၄။ **ရှင်သန်ခြင်း** မင်းဟိဏ်း၊ ဆုပန်ထွာ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ အထူးပြု) (ရူပဗေဒ အရေးအသား)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅:၂၀ ၈။ မြန်မာ့မီးရထား လမ်းတိုးပွား တိုင်းပြည်အကျိုးများ
၅:၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **ချစ်လှုမိုက်** စိုးရန်အောင်၊ခင်မဥ္ဇူခိုင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၆)
၂၀။ နိုင်ငံခြား ဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၆)
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြရာထူး လူတွေ့နှုတ်ဖြေ စာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

ရန်ကုန် ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ(လစာနှုန်းကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူးတွင် ခန့်ထားရန်အတွက် ဖေဖော်ဝါရီလအတွင်း ရေးဖြေစာမေးပွဲဖြေဆိုခဲ့သူများ၏ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမြို့နှင့် ဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ထုတ်ပြန်ကြေညာထားသည်။

သတင်းပို့

သို့ဖြစ်၍ လူတွေ့နှုတ်ဖြေ စာမေးပွဲစစ်ဆေးခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၌ မေ၂ရက်(စနေနေ့) နှင့် ၃ရက် (တနင်္ဂနွေနေ့) တို့တွင် ကျင်းပမည်ဖြစ်ရာ လူတွေ့စစ်ဆေးခံရမည့်သူများသည် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရုံးချိန်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့သို့ မပျက်မကွက် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

23-4 (03).pmd 1 4/23/2009, 3:18 AM

စက်မှုကုန်ထုတ်လုပ်မှု တိုးတက်ရေး နိုင်ငံရေးတည်ငြိမ်အောင်ထိန်းရန်လို

ဖနောင်ပင် ဧပြီ ၂၂

ကမ္ဘောဒီးယားနိုင်ငံက နိုင်ငံရေးတည်ငြိမ်မှုရှိအောင်ထိန်းထားကြောင်း၊ ထို့ကြောင့် စက်ရုံအားလုံးသည် နိုင်ငံရေးတည်ငြိမ်မှု၏ ကောင်းကျိုးကိုရရှိကာ ၎င်းတို့၏ စက်မှုကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံနိုင်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျို့မြို့ရှိ တရုတ်ရိုးရာ ကန်ကျူပြဇာတ်သင်တန်းကျောင်းတွင် ဗြိတိသျှကျောင်းသူအချို့ လာရောက်သင်ကြားလျက်ရှိသည်ကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြောကြား

အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အပြန်အလှန်အကျိုးစီးပွားများကို ထိခိုက်စေသည့် အဓိကရုဏ်းများ မပေါ်ပေါက်စေရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် မိမိတို့လုပ်ငန်းများကို မလျှော့တမ်းဆက်လုပ်နေရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က အဝတ်အထည်လုပ်ငန်း အလုပ်သမားအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အမ်အင်န်အေဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် ရှန်ဟိုင်းကားပြပွဲတွင် ပါဝင်ပြသထားသည့် ကားတစ်စီးကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ပုံးဖောက်ခွဲမှုဖြစ်ပွား အီရတ်ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၂

ရဲဝတ်စုံဝတ်ဆင်ထားသည့် ဖောက်ခွဲရေးသမားက အသေခံဗုံးခွဲတိုက်ခိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲအရာရှိများ သေဆုံးသွားကြောင်း အီရတ်ရဲအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ကင်းလှည့်

ဘဂ္ဂဒက်မြို့တော်အရှေ့မြောက်ဘက် မိုင် ၄၀ ခန့်အကွာ ဘာကူဘာမြို့လယ် လမ်းမကြီးပေါ်တွင် ခြေကျင်ကင်းလှည့်နေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်အကြား ဝင်ရောက်လာကာ ရန်သူက အသေခံဗုံးဖောက်ခွဲခြင်း ဖြစ်သည်။

သေဆုံး

အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း ဒုတိယဗိုလ်မှူးကြီးဟာမစ်အယ်ရီမာရီက ပြောကြားသည်။ ထိုအကြမ်းဖက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း သေဆုံးကြောင်း သိရသည်။ **(အင်တာနက်)**

ဆိုမာလီပင်လယ်ဓားပြ ဝါလီအိုင်မူဆီအား အမှုရင်ဆိုင်ရန် အမေရိကန်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့

နယူးယောက် ဧပြီ ၂၂

အမေရိကန် သင်္ဘောမာလိန်မှူး ရစ်ချတ်ဖိလစ်ကို ပြန်ပေးဆွဲသည့် ဆိုမာလီပင်လယ်ဓားပြများအနက် အသက်မသေတစ်ဦးတည်း ကျန်ရစ်သည့် ပင်လယ်ဓားပြ ဝါလီအိုင်မူဆီအား ဥပဒေအရ အရေးယူရန် အခင်းဖြစ်ဒေသမှ အမေရိကန်နိုင်ငံသို့ ခေါ်ဆောင်လာသည်။

စစ်ဆေးခံ

ဝါလီအိုင်မူဆီမှာ တရားရုံး၌ ဧပြီ ၂၁ရက်က အမှုနှင့်ရင်ဆိုင်ရန်အတွက် အမေရိကန်ထောက်လှမ်းရေးများ အစောင့်အရှောက်ဖြင့် နယူးယောက်မြို့သို့ ဧပြီ ၂၀ ရက်တွင် ရောက်ရှိလာသည်။ သူသည် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပင်လယ်ဓားပြမှုဖြင့် အမေရိကန်နိုင်ငံ၌ ကြားနာစစ်ဆေးခံရမည့် ပထမဆုံးသော နိုင်ငံခြားသားဖြစ်သည်။

ပစ်သတ်ခံရ

သူ့အဖော် ပင်လယ်ဓားပြသုံးဦးမှာ အမေရိကန်မာလိန်မှူးအား ကယ်ဆယ်စဉ် အမေရိကန်ရေတပ် လက်ဖြောင့်တပ်သားများ၏ ပစ်သတ်မှုကြောင့် သေဆုံးသွားကြခြင်း ဖြစ်သည်။

(အင်တာနက်)

အစ္စရေးလုပ် ထောက်လှမ်းရေးဂြိုဟ်တု အိန္ဒိယနိုင်ငံလွှတ်တင်

နယူးဒေလီ ဧပြီ ၂၂

အိန္ဒိယနိုင်ငံက ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းမှုစွမ်းပကား တိုးမြင့်စေရန် ရည်ရွယ်၍ အစ္စရေးနိုင်ငံလုပ် ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

လွှတ်တင်ခဲ့

အိန္ဒိယနိုင်ငံလုပ် ဒုံးပျံက ကီလိုဂရမ် ၃၀၀ရှိ ရေဒါပုံရိပ်ဖော်ဂြိုဟ်တု(ရီဆက်-၂)ကို ချင်နိုင်းမြို့မြောက်ပိုင်း ကီလိုမီတာ ၉၀ အကွာရှိ ဆရီဟာရီကိုတာ အာကာသစခန်းမှ ဧပြီ ၂၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပတ်လမ်းကြောင်း

ဒုံးပျံလွှတ်တင်ပြီးနောက် မိနစ် ၂၀ အတွင်း ကမ္ဘာပတ်လမ်းကြောင်းသို့ အဆိုပါဂြိုဟ်တုကို တင်ထားနိုင်ခဲ့ပြီး ကမ္ဘာမြေအထက် ကီလိုမီတာ ၅၅၀ ခန့်ရှိ ကမ္ဘာပတ်လမ်းကြောင်းတွင်ရှိနေသည်ဟု အိန္ဒိယ အာကာသသုတေသနအဖွဲ့က ပြောကြားသည်။

အချက်အလက်

အဆိုပါဂြိုဟ်တုက အချိန်မရွေး ရာသီဥတုအခြေအနေများနှင့် အိန္ဒိယ ထောက်လှမ်းရေးဌာနအတွက် သတင်းအချက်အလက်များအားဖြန့်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ နယ်စပ်အခြေအနေများကိုလည်း အချိန်ပြည့်ထိန်းချုပ်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

စက်မှုကုန်စည်ပြပွဲ

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ကျင်းပလျက်ရှိသည့် စက်မှုကုန်စည်ပြပွဲ၌ နေစွမ်းအင်သုံး နည်းပညာအသုံးပြု စက်ပစ္စည်းများကို လာရောက်ကြည့်ရှုသူများအား ဧပြီ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ အငြင်းပွားပြဿနာများ ငြိမ်းချမ်းစွာဖြေရှင်းကြရန် တရုတ် ပန်ကြား

ကုလသမဂ္ဂ ဧပြီ ၂၂

နိုင်ငံတကာ အငြင်းပွားပြဿနာများအား ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် တရုတ်ထိပ်တန်းသံတမန်တစ်ဦးက ကုလသမဂ္ဂတွင် ဧပြီ ၂၁ရက်က ပန်ကြားလိုက်ပြီး အငြင်းပွားပြဿနများ ဖြေရှင်းရာတွင် ကုလသမဂ္ဂအနေဖြင့် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်ပြီး စေ့စပ်ဖျန်ဖြေမှုစွမ်းအား မြင့်တင်ပေးနိုင်စွမ်းရှိကြောင်းထပ်လောင်းပြောကြားသည်။

ပြောကြား

အငြင်းပွားပြဿနာများစေ့စပ်ဖျန်ဖြေမှုနှင့် ဖြေရှင်းရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ တရုတ် အမြဲတမ်းမစ်ရှင်အဖွဲ့က ဝန်ကြီး အကြံပေးပုဂ္ဂိုလ် လာယီဖန်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ကြုံဖူးခဲ့

ပြဿနာဖြစ်ပွားစ အပိုင်းတွင် လက်တွေ့ကျပြီး တရားဥပဒေနှင့် ညီညွတ်သည့် စေ့စပ်ဖြေရှင်းမှုများ မပြုလုပ်နိုင်ခဲ့ပါက ယင်းပြဿနာ၏ နောက်ဆက်တွဲ အကျိုးဆက်များအားဖြေရှင်းနိုင်ရန်အတွက် အချိန်နှင့် လူ့စွမ်းအားကို ပိုမိုအသုံးပြုရမည့် လက်တွေ့သာဓကများ ရှိခဲ့ဖူးကြောင်း လာယီဖန်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ။

အာဖဂန်နစ္စတန်၌ တပ်ဖွဲ့ဝင်သစ်များစုဆောင်း

ကဘူးလ် ဧပြီ ၂၂

စစ်ဒဏ်ခံနေရသည့် အာဖဂန်နစ္စတန်နိုင်ငံက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များအပေါ် မှီခိုအားထားနေရမှု လျော့ပါးစေရန်အတွက် နောက်ထပ်ရဲတပ်ဖွဲ့ဝင် ၁၅၀၀၀ စုဆောင်းမည် ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြောကြား

တပ်ဖွဲ့ဝင်တိုးမြှင့်သည့် မဟာဗျူဟာမြောက်အစီအစဉ်ကြောင့် အာဖဂန်နိုင်ငံက ပြည်ပတပ်ဖွဲ့ဝင်များအပေါ်မှီခိုနေရမှုလျော့ကျနိုင်သည်ဟု အာဖဂန်ပြည်ထဲရေးဝန်ကြီး မိုဟာမက်ဟာနစ်အက်တမာကဧပြီ၁၉ရက်တွင် ပြောကြားသည်။ **(အင်တာနက်)**

ဘတ်စ်ကားတိမ်းမှောက်

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတရီနာမြို့အနီးတွင် ဘတ်စ်ကားတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (ယင်းဘတ်စ်ကား တိမ်းမှောက်မှုကြောင့် အာဂျင်တီးနား ကမ္ဘာလှည့်ခရီးသည် ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

23-4 (04).pmd 1 4/23/2009, 3:18 AM

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး အသုပ်ပွဲကြီး

စပိန်နိုင်ငံတောင်ပိုင်း အယ်လ်မီးရီးယားပြည်နယ် မူလ်ပီမြို့တွင် စားဖိုမှူး၂၀ တို့ စုပေါင်း၍ ကီလိုဂရမ် ၆၇၀၀ရှိ ဟင်းသီးဟင်းရွက်အသုပ်စုံကို ၁၆ နာရီကြာ ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်၌ အကြီးဆုံး အသုပ်ပွဲကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အရှည်ဆုံး မြင်းမြီး

အမေရိကန်နိုင်ငံ မစ်ဆောရီပြည်နယ် ကန်ဆပ်မြို့တွင် အသက် ၁၁နှစ်သား အရွယ်ရှိ မြင်းတစ်ကောင်၏ အမြီးမှာ ၃ဒသမ ၈၁မီတာ ရှည်လျားသဖြင့် ကမ္ဘာ့အရှည်ဆုံး မြင်းမြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

အားကျလိုက်တာ....

လန်ဒန်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ကျန်းမာရေးချို့ယွင်းပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိရာ မိတ်ဆွေများလာရောက်မေးမြန်းကြလေသည်-

ပထမမိတ်ဆွေ ။ ။ မြန်မြန်ကျန်းမာပါစေလို့ ဆုတောင်းပါတယ်။

လုပ်ငန်းရှင် ။ ။ ကျေးဇူးတင်ပါတယ်။

ဒုတိယမိတ်ဆွေ ။ ။ ကျန်းမာရေးကောင်းအောင် ကြိုးစားပါဗျာ၊ စိတ်ဓာတ်မကျပါနဲ့။

လုပ်ငန်းရှင် ။ ။ ဟုတ်ကဲ့။

တတိယမိတ်ဆွေ။ ။ ခင်ဗျားလိုလူမျိုးမရှိလို့ မဖြစ်သေးဘူးဗျ။ အားတင်းထားစမ်းပါဗျာ။

လုပ်ငန်းရှင် ။ ။ ဟုတ်ကဲ့။

သတင်းလာမေးသူများ ပြန်သွားသောအခါ ဘေးခုတင်မှလူနာက လုပ်ငန်းရှင်ကို မေးလေသည်။

ဘေးခုတင်မှလူ ။ ။ ခင်ဗျားမိတ်ဆွေတွေက အတော်ဂရုတစိုက် လာအားပေးကြတာပဲ အားကျလိုက်တာဗျာ။

လုပ်ငန်းရှင် ။ ။ အကောင်းမတွေးပါနဲ့။ သူတို့အားလုံးဆီက ကျွန်တော် ငွေတွေ ချေးထားလို့ပါ။

ဘေးခုတင်မှလူ ။ ။ 'ဗျာ'

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

အီဖယ်လ်မျှော်စင်

ကမ္ဘာ့ဗဟုသုတ

ကမ္ဘာ့အံ့ဖွယ်များတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်လ်မျှော်စင်ကြီးမှာ တစ်ခုအပါအဝင် ဖြစ်သည်။

တည်ဆောက်

အဆိုပါ အီဖယ်လ်မျှော်စင်ကြီးကို ပြင်သစ်တော်လှန်ရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ၁၈၈၉ ခုနှစ် ပါရီအပြည်ပြည်ဆိုင်ရာ ပြပွဲအတွက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖွင့်လှစ်ပေး

မျှော်စင်ဒီဇိုင်းအတွက် ပါဝင်ယှဉ်ပြိုင်ကြသူ ၇၀၀အနက်မှ ဂူစတက် အီဖယ်လ်၏ ဒီဇိုင်းမှာ ရွေးချယ်ခံခဲ့ရသည်။ အီဖယ်လ်မျှော်စင်ကြီးကို ဗြိတိန်နိုင်ငံ၏ သတ္တမမြောက် ဘုရင်ဖြစ်လာခဲ့သည့် ဝေလမင်းသားက ဖွင့်လှစ်ပေးခဲ့သည်။

စံချိန်တင်

အီဖယ်လ်မျှော်စင်မှာ အမြင့်မီတာ ၃၀၀ ရှိကာ မျှော်စင်ထိပ်မှ တပ်ထားသော အင်တင်နာပါဝင်ပါက ၃၂၀ ဒသမ ၇၅ မီတာရှိကာ ၁၉၃၀ ပြည့်နှစ်အထိ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံအဖြစ် စံချိန်တင်ထားနိုင်ခဲ့သည်။ မြေပြင်မှထိပ်ဖျားအထိ လှေကားထစ်ပေါင်း ၁၆၅၂ ခုပါရှိသည်။

အချိန်ယူ

အီဖယ်လ်မျှော်စင်ကြီးကို အလုပ်သမားပေါင်း ၃၀၀ ဖြင့် ၁၈၈၇ ခုနှစ်မှ ၁၈၈၉ ခုနှစ်အထိ အချိန်ယူကာ တည်ဆောက်ခဲ့ရသည်။ ။

အင်တာနက်

ဘဝဒဿန

■ *Character is the first and last word in the success circle.*

● *အကျင့်စာရိတ္တသည် အောင်မြင်ကျော်ကြားမှုနယ်ပယ်၌ ပထမနှင့် နောက်ဆုံး ဝေါဟာရပင် ဖြစ်ပေသည်။*

ချားလ်စ်ကာရီးလ်မာဒင်
(အမေရိကန်လူမျိုးအတွေးအခေါ်ပညာရှင်)

ကံတရားက အကြောင်းဖန်လေသောအခါ .... နိုင်ငံတကာမှုခင်း



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်းရှိ လူဦးရေသုံးသန်းရှစ်သိန်းကျော်နေထိုင်သော ပင်လယ်ဆိပ်ကမ်းမြို့ လော့စ်အိန်ဂျလိစ်တွင် အံ့အားသင့်ဖွယ်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ထိုအဖြစ်အပျက်တွင် ကွန်ပျူတာအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦး ပါဝင်ပတ်သက်ခဲ့သကဲ့သို့ ဟောလီးဝုဒ်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်း ပါဝင်ပတ်သက်ခဲ့သည်။

အောင်မြင်မှုရ

လော့စ်အိန်ဂျလိစ်မြို့နေ မိုက်ကယ်လ်ဂါဂီယူလို(**အပေါ်ပုံ**)သည် ယခင်က ၎င်း၏ အမျိုးသမီး မိတ်ဆွေတစ်ဦးနှင့်အတူ ကွန်ပျူတာအရောင်းဆိုင်ကို အစုစပ် တွဲဖက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ သူ၏ စီးပွားရေးလုပ်ငန်းမှာ အောင်မြင်မှု ရခဲ့သည်။

လောကဓံမုန်တိုင်း

မိုက်ကယ်လ်သည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လာဘ်မြင်ကာ စေ့စပ်သေချာသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်းစီးပွားရေးတွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင်ပင် ၎င်းအနေဖြင့် လှေပြေးတုန်းတက်ကျိုးဆိုသကဲ့သို့ လောကဓံ မုန်တိုင်းရိုက်ခတ်မှုကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရသည်။

ဘဝတက်လမ်း

မိုက်ကယ်လ်သည် လွန်ခဲ့သော၅နှစ်နှင့် လွန်ခဲ့သောလေးနှစ်က ဓားထိုးခံရပြီး သေဆုံးခဲ့သော အမျိုးသမီးနှစ်ဦးအမှုနှင့် ပတ်သက်ပြီး လူသတ်တရားခံအဖြစ် စွပ်စွဲခံခဲ့ရသည်။ အသတ်ခံရသော အမျိုးသမီးနှစ်ဦးမှာ အက်ရှ်လေအယ်လာရင်နှင့် မာရီယာဘရူနိုတို့ ဖြစ်ကြသည်။ အယ်လာရင်သည် ဖက်ရှင်ကျောင်းသူတစ်ဦးဖြစ်သည်။ သူမသည် ဘဝတက်လမ်းကို ကြိုးစားရှာဖွေနေသူတစ်ဦးဖြစ်သည်။

ပြောကြား

၂၀၀၁ ခုနှစ် ဟောလီးဝုဒ်ရုပ်ရှင်လောက၏ ဂရမ်မီဆုပေးပွဲညတွင် ဖက်ရှင်မယ် အယ်လာရင်သည် ဟောလီးဝုဒ်ကြယ်ပွင့်အက်ရှ်တန်ကတ်ချာနှင့် တွေ့ဆုံရန် ချိန်းဆိုထားခဲ့ကြောင်း၊ အက်ရှ်တန်သည် ချိန်းဆိုထားသည့်အတိုင်း ဂရမ်မီဆုပေးပွဲသို့ အယ်လာရင်အား ခေါ်သွားရန် သူမ၏ အိမ်သို့သွားရောက်ကာ ပိတ်ထားသောတံခါးကို ခေါက်ခဲ့ကြောင်း၊ သို့သော်လည်း အယ်လာရင်၏ တုံ့ပြန်သံမကြားရကြောင်း၊ အိမ် ပတ်ပတ်လည်တွင် လိုက်လံကြည့်ရှုစဉ် အိမ်နောက်ဘက်ကော်ဇောပေါ်၌ ဝိုင်အရက်များ ဖိတ်စဉ်ထားသကဲ့သို့ အနီရောင်အစက်များကို တွေ့ရှိရကြောင်း နောက်ပိုင်းတွင် အက်ရှ်တန်က ရဲတပ်ဖွဲ့သို့ ပြောကြားခဲ့သည်။

မသိရသေး

အယ်လာရင်သည် ဓားဖြင့် အသေထိုးသတ်ခံခဲ့ရကြောင်း တွေ့ရှိခဲ့ရသည်။ ၂၀၀၅ ခုနှစ်တွင် လော့စ်အိန်ဂျလိစ်မြို့မှ မိုင် ၄၀ ကွာဝေးသော အရပ်တွင် မာရီယာဘရူနိုအမည်ရှိ အမျိုးသမီးငယ်တစ်ဦးသည် အယ်လာရင် ဓားဖြင့်ထိုးသတ်ခံခဲ့ရသည့်ပုံစံအတိုင်းပင် အသတ်ခံခဲ့ရပြန်သည်။ ယင်းသို့ ရက်ရက်စက်စက်ဓားဖြင့်ထိုးသတ်မှုများသည် ရဲတပ်ဖွဲ့အတွက် မကြုံဖူးသော မှုခင်းများဖြစ်လာခဲ့သည်။ ၁၈နှစ်တာကာလအတွင်း ၎င်းတို့အနေဖြင့် ယခုကဲ့သို့ ဖြစ်ရပ်မျိုးများကို မကြုံဖူးခဲ့ကြသေးဟုဆိုသည်။ အဆိုပါ အမျိုးသမီးများသည် ညဥ့်နက်ပိုင်းတွင် ၎င်းတို့၏ နေအိမ်များ၌ အသတ်ခံခဲ့ကြရခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးဟု ဆိုသည်။

ဆက်နွှယ်

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာမြို့၌ အမျိုးသမီးတစ်ဦးဓားထိုးခံရသော်လည်း အမျိုးသမီးက ပြန်လည်တိုက်ခိုက်နိုင်ခဲ့သည်။ ယင်းအခင်းဖြစ်အရပ်မှ ရရှိသော သွေးအား ဒီအင်န်အေစစ်ချက်အရ မိုက်ကယ်လ်အား ဖမ်းဆီးခဲ့ပြီး လွန်ခဲ့သော ၁၅ နှစ်က ချီကာဂိုတွင် ဖြစ်ပွားခဲ့သော အခြားလူသတ်မှုသည်လည်း ၎င်းနှင့်ဆက်နွှယ်နေကြောင်း သိရသည်။

ထုတ်ဖော်ပြောကြား

မိုက်ကယ်လ်သည် ထရီစီယာပါကက်စီယိုအမည်ရှိ အမျိုးသမီးနှင့် အထက်တန်းကျောင်းနေဖက်ဖြစ်သည်ဟု ဆိုသည်။ မိုက်ကယ်လ်သည် အယ်လာရင်နှင့် အနီးအနားတွင်နေထိုင်ပြီး မာရီယာနှင့် အိမ်နီးချင်း အသိအကျွမ်းများဖြစ်နေကြသည်ကို စုံစမ်းစစ်ဆေးရေး အရာရှိများက ထောက်ပြကြသည်။ ထို့ကြောင့် ၎င်းတို့ အနေဖြင့် မိုက်ကယ်လ်အားလူသတ်မှု တသီတတန်းကျူးလွန်ခဲ့သူအဖြစ် ဖမ်းဆီးခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ခုခံချေပ

သို့သော်လည်း အနီးအနားတွင် နေထိုင်ခြင်းနှင့် သိကျွမ်းရင်းနှီးမှုများကြောင့် လူသတ်တရားခံဟု စွပ်စွဲခဲ့ခြင်းမှာ ရိုးစင်းလွန်းသော စွပ်စွဲချက်များဖြစ်ပြီး သဘာဝမကျကြောင်း မိုက်ကယ်လ်၏ ရှေ့နေများက ခုခံချေပခဲ့ကြသည်။ အမှုကို မေပြီ ၄ရက်တွင် ဆက်လက်စစ်ဆေးခဲ့ပြီး မေပြီ ၃၀ရက်၌ ထပ်မံစစ်ဆေးမည်ဖြစ်သည်။

ယခုဖြစ်ရပ်တွင် မိုက်ကယ်လ်ဂါဂီယူလိုသည် ၎င်းစွပ်စွဲခံခဲ့ရသော ပြစ်မှုများကို အမှန်တကယ်ကျူးလွန်ခဲ့ပါက ထောင်ဒဏ်နှစ်များစွာ ကျခံရမည်ဖြစ်ပြီး မကျူးလွန်ခဲ့ပါက ၎င်း၏ဆိုးရွားလှသော ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရတော့မည်ဖြစ်သည်။ ဘဝထိုထိုတွင် လူတို့အနေဖြင့် ကြုံတွေ့ရမည့် လောကဓံတရားအတွက် ကံတရားက အကြောင်းဖန်လာခဲ့သော မိုက်ကယ်လ်ဂါဂီယူလို၏ အဖြစ်သနစ်ကို သင်ခန်းစာယူဖွယ်ရာ ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်။

အင်္ဂပူမြို့နယ်၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ရှမ်းကွင်းတွဲကျေးရွာ အလယ်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

နေပြည်တော် ဧပြီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁၈ရက်တွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တောနေစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရှမ်းကွင်းတွဲကျေးရွာ အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စမ်းချောင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ ဆက်လက်၍ ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဘုရားငုတ္တို(မန်း)ရွာ၌ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကင်းချောင်းရွာ(အလယ်စု)နှင့် ကြာနီတောင်ရွာတို့၌ ဆောက်လုပ်လျက်ရှိသည့် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဝန်ကြီးသည်မွန်းလွဲပိုင်းတွင် အုန်းကုန်း(ထူး) ကျေးရွာ၊ စည်ကိုင်းကျေးရွာ၊ ကုန်းဖောင်းကျေးရွာ၊ သဘော့ကျေးရွာနှင့် သဖန်းပင်ကျေးရွာတို့မှ ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံသည်။

ဝန်ကြီးသည် ဧပြီ ၂၀ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဘဲပြာအခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြီး ကညွှတ်ကွင်းကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အုံးခုံကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်ကိုလည်းကောင်း၊ ကျွဲဇင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် တည်ဆောက်နေမှုကိုလည်းကောင်း၊ ကျွဲဇင်း အုပ်စုရှိ ကံကုန်းတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ စက်မှုဓမ္မာရုံ၌ မေ ၂ရက် (စနေနေ့) နံနက် ၇နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဖိတ်ကြားနှိုးဆော်

အဆိုပါ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ၏ မိသားစုနှင့် ဆုယူရန် လျှောက်ထားပြီးသူများ မပျက်မကွက် တက်ရောက်ရန်နှင့် အကြံပေးဆွေးနွေးလိုသူများ နီးစပ်ရာအမှုဆောင်များနှင့် ဥက္ကဋ္ဌ အမှတ် (၁၀) လမ်းဆက်လမ်း ဦးထွန်းမြတ်လမ်းထောင့် တာမွေမြို့နယ်၊ အတွင်းရေးမှူး အမှတ်၃၅ အိမ်ကြီးလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်သို့ အစည်းအဝေးမတိုင်မီ ခုနစ်ရက် ကြိုတင်ပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့နေ့အတွက် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

ကမ္ဘာ့နေ့အတွက် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel, Grand Ballroom ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းအဖွဲ့(၂) တာဝန်ခံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် မင်္ဂလာမြန်မာအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက မိတ်ဆက်စကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မင်္ဂလာမြန်မာ၏ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒါရိုက်တာ ဒေါ်ယုဇာမော်ထွန်းက Disaster Rick Reduction, Environment and Climate Change စာတမ်းကိုလည်းကောင်း **(အပေါ်ပုံ)**၊ ပါမောက္ခ ဒေါက်တာဆွေသွင်က Coastal Ecosystems & Global Climate Change စာတမ်းကိုလည်းကောင်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Economics of Environment စာတမ်းကိုလည်းကောင်း၊ ဦးဝင်းနိုင်က Media Role in Disaster Rick Reduction & Environment စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံလူငယ် ခေါင်းဆောင်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

အာဆီယံလူငယ် ခေါင်းဆောင်အစည်းအဝေး (ASEAN Youth Leader Conference) ကို ဇွန် ၅ရက်နှင့် ၆ရက်တို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေး အခြေအနေများကို ဆွေးနွေးရန်၊ အတွေ့အကြုံဖလှယ်ရန်နှင့် လူနေထိုင်မှုဘဝနှင့် အနာဂတ်အခြေအနေအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမည်တို့ကို သုံးသပ်ကြရန်ဖြစ်သည်။

ယဉ်ကျေးမှုပွဲတော်

အစည်းအဝေးပိတ်ပွဲနေ့တွင် ယဉ်ကျေးမှုပွဲတော် ကျင်းပမည်ဖြစ်ပြီး ဂီတ၊ အကစသည့် နိုင်ငံအလိုက် ယဉ်ကျေးမှု အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ကြမည်ဖြစ်သည်။

ဆက်သွယ်နိုင်

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ အဆောင် ၄ အခန်း ၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂နှင့် ၅၀၇၀၄၆တို့သို့ ဧပြီ ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၉

(ကြာသပတေးနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇဂ္ဂသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**ထေရဝါဒမိတ်ဆက်** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇:၀၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၃)
၇:၃၀	TOM & JERRY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၄)
၉:၁၅	အနုပညာမိုးကောင်းကင်
၉:၄၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၉:၅၀	တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
၁၀:၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမမဥ္ဇူနှင့် တွေ့ဆုံခြင်း)
၁၀:၅၅	ဒီဂျစ်တယ်ကတ္တတားအစ စီထွာက
၁၁:၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားမြှောင်း တရုတ်ပဲငါးပိနှင့် ပင်လယ်စာ မုန့်ညင်းလိပ်)
၁၁:၃၅	ဖန်တီးတီထွင် ရုပ်သေးအနုပညာရှင်
၁၂:၀၅	Shopping Guide (ကမ္ဘာ့အေးဂမုန်းပွင့် မြေညီထပ်)
၁၂:၃၀	Fragrant Rice (အပိုင်း-၁)
၁:၀၀	**ထေရဝါဒမိတ်ဆက်** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၅	Fashion Music Festival
၂:၃၅	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး **တစ်ခုပညာ ကိုယ်စီပါ**
၂:၄၅	ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၃:၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရိုက်ကွင်းဘုရင်)
၃:၃၅	Study Guide(Win Japanese Language School)
၃:၅၀	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၄:၀၅	တေးဂီတအစီအစဉ်
၄:၂၀	အင်းအလှနဲ့သစ်ခွသဘင် (အပိုင်း-၁)
၄:၄၀	Yangon Panorama (အထက-၁၊ ဒဂုံ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၅:၀၅	နတ်လူသာဓုခေါ်စေသောဝ် ခေတ်သစ်၊ ပိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၅:၂၅	နယ်ဉ်ဆန်းထွင်ပန်းအလှဆင် ('S' ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	Fashion Music Festival
၆:၅၅	အနုပညာမိုးကောင်းကင်
၇:၂၀	စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှု နည်းစနစ်များ)
၇:၄၀	ခတ်ပုံထဲမှ အမှတ်တရများ (ရှင်ဖုန်း)
၈:၀၀	MRTV-4 သတင်း
၈:၁၅	Shopping Guide (ကမ္ဘာ့အေးဂမုန်းပွင့် မြေညီထပ်)
၈:၃၅	ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၉:၀၀	Yangon Panorama (အထက-၁၊ ဒဂုံ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၉:၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၃)
၁၀:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅	တေးဂီတအစီအစဉ်
၁၂:၀၀	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၂:၁၅	နယ်ဉ်ဆန်းထွင်ပန်းအလှဆင် ('S' ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁၂:၄၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

(၂၃-၄-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၁၅	တရားတော် (မောရသုတ်+ ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	လောကနီတိအသိရှိစေဖို့ (လောကကိုအလှဆင်ပါ)
၈:၃၅	တေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	သောတရှင်လိုရာတေး
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (Rဇာနည်)
၁၁:၄၅	သိပ္ပံပညာသိကောင်းစရာ (ကဖင်းနှင့် နီကိုတင်း)
၁၁:၅၅	တေးသီချင်း
၁၂:၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်)
၁၂:၃၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး (အသံထွက်နှင့် သွက်လက်စွာပြောဆိုမှု)
၁၆:၃၀	အမှတ်တရတေးလက်ဆောင်
၁၇:၀၀	ညနေခင်းတေးပဒေသာ
၁၇:၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (အသိနဲ့ သတိ)
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၀၅	ညနေခင်းတေးပဒေသာ
၁၈:၂၅	ကျေးလက်ဇာတ်လမ်း (ချွဲတယ်လို့ဆိုချင်ဆို)
၁၈:၄၀	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	သုတစုံစွာသိမှတ်စရာ (ရာသီဥတုနှင့်မိုးလေဝသ)
၁၉:၄၀	ရေဒီယိုအတိတ်တေးအရိပ်
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (စီမံကိန်းချမိသားစုဘဝ)
၂၀:၅၀	တေးသံစုံ စီးပွားရေးဦးတည်ချက်
၂၁:၀၀	ဆောင်းပါး(ဆရာပီမိုးနင်းရဲ့စကား)
၂၁:၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာ အဝင်လမ်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သစ်တော)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်မြို့နယ်၌ လမ်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဧပြီ ၂၀ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ ဘုရင့်နောင်လမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

လွယ်ကူစွာသွားလာနိုင်

အဆိုပါ ရေလဲကလေးကျေးရွာ ဘုရင့်နောင် ကျောက်ချောလမ်းသည် လမ်းအရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်ကာ အဆိုပါလမ်းပြီးစီးမှုကြောင့် ရေလဲကလေးကျေးရွာနေ ပြည်သူများ ကျေးရွာအတွင်းတွင် လည်းကောင်း၊ မအူပင်-မော်လမြိုင်ကျွန်း ကားလမ်းမှတစ်ဆင့် မအူပင်မြို့နှင့် ရွှေတောင်မှော် ကျေးရွာများသို့လည်းကောင်း လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည့် မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုနှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တိုင်များ စိုက်ထူကာ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

အကောင်အထည်ဖော်

မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုအထိမ်းအမှတ်အဖြစ် ပေ ၁၂၀×၃၀ ရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈ သိန်း မတည်ပြီး အေဝမ်းဆောက်လုပ်ရေး ကုမ္ပဏီနှင့် ကျေးရွာပြည်သူများက အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာ အဝင်လမ်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အချိန်တို

အဆိုပါ ရွှေတောင်မှော်ကျေးရွာ အဝင်လမ်း ကျောက်ချောလမ်းသည် လမ်းအရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်ကာ အဆိုပါလမ်းပြီးစီးမှုကြောင့် ရွှေတောင်မှော်၊ အောင်ဘုံ၊ ခြောက်ရွာ၊ ငါးဖားအိုင်၊ သူဌေးကုန်း၊ တော်တလုပ်ကျေးရွာများ အပါအဝင် ကျေးရွာပေါင်း ၅၄ရွာမှ ကျေးလက်နေပြည်သူများသည် ရွှေတောင်မှော်ကျေးရွာ၊ ရေလဲကလေးကျေးရွာ၊ မအူပင်မြို့၊ မော်လမြိုင်ကျွန်းမြို့များသို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူ ဆောက်လုပ်ပြီးစီးခဲ့သည့် မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်ပြီး အမှာစကား ပြောကြားကြသည်။

တာဝန်ယူဆောက်လုပ်

အဆိုပါ မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်မှာ ပေ ၁၁၀×၃၀ရှိ အုတ်ညှပ်နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၄၃သိန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၉၃ ဒသမ ၈သိန်း၊ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၆၁ ဒသမ ၈ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၃၉၈ ဒသမ ၆သိန်းဖြင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုတ်တွင်းမြို့နယ် အိုးဘိုကုန်းကျေးရွာ၌ ကြေးမုံပြင်စာကြည့်တိုက်ဖွင့်

အုတ်တွင်း ဧပြီ ၂၂

အုတ်တွင်းမြို့နယ် ညောင်လွင့်ကျေးရွာအုပ်စု အိုးဘိုကုန်းကျေးရွာတွင် စံ(၅)ချက်နှင့်ညီသော ကြေးမုံပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၂၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ကျေးရွာဥက္ကဋ္ဌ ဦးကိုလေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကြိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးကြိုင်က စာကြည့်တိုက် ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ စာကြည့်တိုက်ကို ငွေကျပ် ၁၂သိန်းကျော်ခန့် ကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာစောင် လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၂

စာပေဖတ်ရှု အသိပညာတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ ဗိုလ်တထောင် အထက(၆)(စိန်ပေါလ်)မှ မဂ္ဂဇင်းဂျာနယ် စာအုပ်စာစောင်များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အထက(၆)အောင်ကျော်ခန်းမတွင် ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် အထက(၆) ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းမင်းလတ်က စာအုပ်စာစောင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မဂ္ဂဇင်းအုပ် ၈၀၀၊ ဂျာနယ်အစောင် ၉၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗိုလ်တထောင်မြို့နယ်ရုံး ဦးစီးမှူး ဒေါ်သန်းနွဲ့က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၂၂

ယခင်မိတ္ထီလာဒေသကောလိပ် မြတ်ဆရာပူဇော်ပွဲ

ယခင် မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၂၅ရက် (စနေနေ့)တွင် မိတ္ထီလာမြို့ မြို့တွင်းဆုတောင်းပြည့်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည် ဖြစ်ပြီး အဆိုပါကောလိပ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅) နှစ်ပြည့်ပြီး ဆရာ ဆရာမကြီးများနှင့် ပညာသင်ယူခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုက ဖုန်း-၀၆၄-၂၅၆၅၃နှင့် ၀၆၄-၂၃၃၈၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် အင်တာနက်နှင့် အီးမေးလ်သင်တန်း အမှတ်စဉ် ၅/၂၀၀၉ကို မေ ၁၁ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းလျှောက်လွှာကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်း ဖုန်း-၂၅၂၅၈၉ တွင် ရယူ၍ မေ ၇ရက် နောက်ဆုံးထားပြန်ပို့ရမည်။

တောင်ကြီးစက်မှုလက်မှု အာစရိယပူဇော်ပွဲ

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မေ ၂ရက်(စနေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၂-၁၄၅၀၁၊ ၀၉-၅၂-၁၃၂၇၆၊ ၀၉-၅၂-၁၁၁၄၆နှင့် ၀၉-၅၁-၈၂၉၇၅ တို့သို့ ဆက်သွယ်နိုင်သည်။

ပုဏ္ဏားကျွန်းအထက မြတ်ဆရာပူဇော်မည်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အထကကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၁၀ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ပုဏ္ဏားကျွန်းအထက မဟာပညာကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၅၂၈၂၄၊ ၀၉-၈၅-၀၀၈၁၆နှင့် ၀၉-၈၅-၀၃၂၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန် စာမူဆု၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ နိုင်ရွှေမိုးရေးသားသည့် မြန်မာ့ရေအရင်းအမြစ်စာအုပ်ကို စာအုပ်အသင်းဝင်များသို့ ဖြန့်ချိပေးလျက်ရှိသည်။ စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈နှင့် ၂၄၉၀၃၁တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်သည်။

MFF Cup 2009 ဘောလုံးပြိုင်ပွဲ ကျင်းပမည်

မြန်မာ့ဘောလုံးအားကစားကို ပရိုစနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း ပထမဦးဆုံးပြုလုပ်မည့် MFF Cup 2009 Grand Royal ဘောလုံးပြိုင်ပွဲ ပထမဆုံးပွဲစဉ်ကို မေ ၁၆ရက်တွင် သုဝဏ္ဏကွင်း၌ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ FC အသင်းနှင့် ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုင်တက် FC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှစ်သင်းပတ်လည်ပွဲစဉ်များကို ဇူလိုင် ၂ရက်အထိနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမဆုံး ဖွင့်ပွဲ ပွဲစဉ်မှလွဲ၍ ကျန်ပွဲစဉ်များကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပန်းတျာနှင့် ပန်းချီ၊ ပန်းပု သင်တန်းသားသစ် ခေါ်ယူ

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပန်းတျာနှင့် ပန်းချီ၊ပန်းပု ကျောင်းများအတွက်(ပထမနှစ်) သင်တန်းသားသစ်များ ခေါ်ယူလျက်ရှိသည်။ လျှောက်ထားလိုသူများ အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများတွင် စုံစမ်း၍ မေ ၂၉ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။ ဖုန်း-၀၆၇-၄၀၈၀၃၇၊၀၁-၅၅၅၆၄၂ နှင့် ၀၂-၆၁၁၆၉ တို့သို့ ဆက်သွယ်နိုင်သည်။

အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် ၁၈နှစ်အောက် အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲကို မေ ၂၃ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် မေ ၁၈ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် နံနက် ၆ နာရီမှ ၈ နာရီခွဲနှင့် ညနေ ၃နာရီခွဲမှ ၅နာရီခွဲအတွင်း (သောကြာနေ့မှအပ) စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်တွင်လည်း စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိလိုက ဖုန်း-၀၉-၅၁-၃၄၃၁၀ နှင့် ၄၀၀၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

စာနယ်ဇင်းပညာသင်တန်း(၁/၂၀၀၉) သင်တန်းဆင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စာနယ်ဇင်းပညာသင်တန်း(၁/၂၀၀၉) သင်တန်းဆင်းပွဲကို ဧပြီ ၁၀ ရက် ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် သတင်းစာအမည် ရွေးချယ်နိုင်သူဆု၊ သတင်းစာ ထူးချွန်ဆု၊ သတင်းစာ အထူးဆု၊ ရက်ပျက်အနည်းဆုံး သင်တန်းသားဆု၊ အတက်ကြွဆုံးဆု၊ အကောင်းဆုံးစာတမ်းဆုနှင့် အထူးချွန်ဆုံးဆုရ သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

● *ကျောဖုံးမှ*

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ မြန်မာနိုင်ငံသည် ဘိုးစဉ်ဘောင်ဆက် လက်ထက်မှစ၍ လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်ခြင်း၊ တစ်နိုင်ငံလုံးရှိ အလုပ်လုပ်သူဦးရေ၏ အများစုသည် တောင်သူလယ်သမားများ ဖြစ်ခြင်း စသည်တို့ကြောင့် စီးပွားရေး ဦးတည်ချက်(၄)ရပ်ပါ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်နှင့်အညီ နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝ၊ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်မြှင့်တင်၍ တစ်ဖက်မှ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်ဧကများအား တိုးတက်ရေးတို့အတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဇဖရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေသည့် ရေလျှံထိန်းစည် လုပ်ငန်းကို ဤသို့တွေ့ရသည်။

ဘက်စုံစီမံကိန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည့်ထောင်စု မြန်မာနိုင်ငံ တစ်လွှားအကြားအလပ်မရှိ တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းအတွင်းရှိ စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တစ်ခုအပါအဝင် ဖြစ်သော **'ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း'** သည်လည်း ဘက်စုံစီမံကိန်း တစ်ခုဖြစ်ပြီး အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြင့်

- စစ်တောင်းမြစ်ဝှမ်းတွင် ပါဝင်သော ကညွတ်ကွင်း၊ ပဲနွယ်ကုန်းဒေသများရှိ လယ်မြေများသို့ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေရေး၊
- စစ်တောင်းမြစ်ဝှမ်း လွင်ပြင်တွင် ဒေသအလိုက် ရေလွှမ်းမိုးမှုမှ ကာကွယ်ရေး၊
- ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ဓာတ်အားဖြန့်ဖြူးပေးရေး

စသည့် အရေးသုံးပါးကို အကောင်အထည်ဖော်သွားမည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။

စူးစမ်းလေ့လာ

စင်စစ်ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရသည်မှာထင်သလောက် လွယ်ကူသည်မဟုတ်ပါချေ။ ရေအားလျှပ်စစ်စီမံကိန်းများ၏ သဘောသဘာဝအရ လူနေ မြို့ရွာများနှင့် ဝေးပြီး နက်ရှိုင်းသော တော၊ မြင့်မားသောတောင်၊ ထူထပ်သော သစ်တောများအကြား ဖြတ်သန်းစီးဆင်းနေသော မြစ်များ၊ ချောင်းများ၊ ရေတံခွန်များကို ရှာဖွေလေ့လာပြီး အသုံးချနိုင်စွမ်းရှိသောရေအား(Potential Water Power)ရှိ၊ မရှိ၊ ထိုဒေသ၏ နှစ်စဉ်မိုးရွာမှု၊ မြစ်၊ ချောင်း၊ ရေတံခွန်တို့၏ ရာသီအလိုက် ရေစီးလာအနေအထား၊ ဒေသ၏ပထဝီအနေအထား၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းတစ်ခုလုံးအတွက် လိုအပ်သော မြေနေရာ အကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်မှု၊ စီမံကိန်းချဉ်းကပ်လမ်း၊ ဖောက်လုပ်ရေး၊ တည်ဆောက်ရေးသုံးပစ္စည်းများ၊ ယာဉ်နှင့် စက်ယန္တရားသယ်ယူရေး စသည်တို့ကို ကဏ္ဍအလိုက် ဘက်စုံမှ စူးစမ်းလေ့လာတွက်ချက်ရသည်။

ထို့အပြင် စီမံကိန်းလုပ်ငန်းများ မစတင်မီ အကြိုစူးစမ်း လေ့လာရာ၌ စီမံကိန်းဒေသ၏ ရာသီဥတုနှင့် မြစ်၊ ချောင်း၊ ရေတံခွန်တို့၏ မိုးရာသီ၊ ဆောင်းရာသီ၊ နွေရာသီတို့၌ ရေတင်ရှိမှုအခြေအနေတို့ကို ယခုရှာဖွေ၊ ယခုလေ့လာ၊ ယခုဆောင်ရွက်၍ မရပါ။ အနည်းဆုံး သုံး၊လေးနှစ်ခန့်မျှ လအလိုက်၊ နှစ်အလိုက် ဇယားရေးဆွဲလေ့လာပြီးမှသာ ပဏာမဆုံးဖြတ်၍ ရပေသည်။

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းတို့မှာ မိုးရာသီတွင် ရေလျှံသလောက် နွေရာသီရောက်သည့်အခါ 'မြစ်မှသည် ချောင်းအလား'၊ 'ချောင်းမှသည် မြောင်းအလား' ထင်မှတ်မှားရအောင် ရေခန်းခြောက်လေ့ ရှိခဲ့ပါသည်။

ထိုသို့သော အခြေအနေအရပ်ရပ်တို့ကို အပတ်တကုတ်အဘက်ဘက်မှ စူးစမ်းလေ့လာ တွက်ချက်ရသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရာ၌ အနည်းဆုံး 'လေးနှစ်'၊ 'ငါးနှစ်' ခန့် ကြာမြင့်ပေရာ ယခုရေတွင်းတူး ယခုရေကြည်သောက်၍ ရသော လုပ်ငန်းမျိုး မဟုတ်ပါချေ။

ဇ၇ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ပင်မတမံဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု။

ခက်ခက်ခဲခဲ

မည်သို့ပင်ရှိစေကာမူ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချမှတ်ပေးထားသော ရေအားလျှပ်စစ်စီမံကိန်းများကို ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊တာဝန်ရှိသူများ၏ကြီးကြပ်မှုတို့ဖြင့် ကျားကုတ်ကျားခဲ၊ ဖွဲနပဲဖြင့် တောထဲ၊ တောင်ထဲတွင် ခက်ခက်ခဲခဲ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

တာဝန်ယူတည်ဆောက်နေ

အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများအနက် ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် **'ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း'** ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ၌ (၁) ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်း၊ (၂) တမံ ရေပိုလွှဲလုပ်ငန်း၊ (၃) ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်လုပ်ငန်း၊ (၄) ရေယူ

မတ် ၃၁ရက်တွင် ဇ၃ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ရေပိုလွှဲလုပ်ငန်းခွင်တစ်နေရာ။

အဆောက်အအုံလုပ်ငန်း၊ (၅) ဖိအားမြှင့် သံမဏိပိုက်လိုင်း လုပ်ငန်းနှင့် (၆)ဓာတ်အားပေးစက်ရုံလုပ်ငန်းစသည့် လုပ်ငန်းခြောက်ခုကို ဆောင်ရွက်လျက်ရှိသည်။

မိုးရေချိန်

ကွန်းချောင်း စီမံကိန်းဒေသ၌ မိုးရာသီတွင်မိုးရွာသွန်းမှုအခြေအနေမှာ နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၁၀၀ ခန့် ရွာသွန်းပြီး၊ ကွန်းချောင်းအတွင်း နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၇၆၃၀၀၀ ဖြစ်ပြီး ရေဆင်းဧရိယာ ၃၃၈စတုရန်းမိုင်ခန့်ရှိသည်။

ထိုသို့ မိုးရာသီတွင် နှစ်စဉ် ပေါကြွယ်ဝလှသော ရေအရင်းအမြစ်များကို **'စီးတဲ့ရေဆည်တဲ့ ကန်သင်း'** ဟူသော စကားနှင့်အညီ အလျားပေ ၁၂၆၀နှင့် အမြင့်ပေ၂၄၀ ရှိ ကျောက်ဖြည့်တမံ (Rock-fill Dam with Earth Core) အမျိုးအစား ရေလှောင်တမံ တည်ဆောက်၍ ရေသိုလှောင်စုဆောင်းမည်ဖြစ်သည်။

ရေသိုလှောင်နိုင်

စိုက်ပျိုးရေနှင့် စက်မောင်းရေအတွက်လိုအပ်သော အကျိုးပြုရေလှောင်ပမာဏ ဧကပေ၈၀၀၃၇၀ ဖြစ်သော်လည်း တည်ဆောက်မည့် ရေလှောင်တမံမှာ ကန်ရေပြည့် အနက် ပေ၂၂၀နှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၁၉၀၀၀၀ ရေသိုလှောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ စိုက်ပျိုးရေ၊ စက်မောင်းရေအတွက် လိုအပ်သော အကျိုးပြုရေပမာဏထက် ပိုလျှံနေသောရေများကိုထုတ်လွှတ်ရန်အတွက် ရေပိုလွှဲဒီဇိုင်းရေထုစီးနှုန်း ၄၅၀၀ ကုဗပေ၊ စက္ကန့်နှင့် ရေပိုလွှဲ အကျယ်ပေ ၆၀ရှိ သံကူကွန်ကရစ် (Ogee crest and chute with flip Bucket)အမျိုးအစားရေပိုလွှဲတစ်ခု ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် အချင်း ၁၆ဒသမ၅ပေ၊ အရှည် ပေ၂၂၈၀ရှိ ဖိအားနိမ့်သံမဏိပိုက်၊ အချင်း ၁၈ပေ၊ အရှည် ၆၉၅၆ ပေရှိ ရေသွယ်ဥမင်နှင့် အချင်း ၅၂ ဒသမ ၅ပေ၊ အမြင့် ၁၇၈ပေရှိ ရေလျှံထိန်းစည်တို့ ပါရှိသည်။

ထုတ်လုပ်မည်

ဓာတ်အားပေးစက်တို့ကို လည်ပတ်စေမည့် စက်မောင်းရေကို အချင်း ၁၆ဒသမ ၅ပေ၊ အရှည် ပေ၅၀၀ရှိ ဖိအားမြှင့်သံမဏိပိုက် သုံးလုံးကိုဖြတ်၍ ရေထုစီးနှုန်း ၃၃၀၀ ကုဗပေ၊ စက္ကန့်နှင့် မဂ္ဂါဝပ် ၂၀ အင်အားရှိ ဒေါင်လိုက်ဖရန့်စစ်အမျိုးအစား တာဘိုင်သုံးလုံးကို ပို့လွှတ်ကာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်မည် ဖြစ်သည်။

ကီလိုဝပ်နာရီသန်း

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ခန့် ထုတ်လုပ်ပြီးလျှင် ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းမှ နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်သို့ ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပေပြီ။

ထို့အပြင် စစ်တောင်းမြစ်ဝှမ်းဒေသရှိ ကညွတ်ကွင်း၊ ပဲနွယ်ကုန်းဒေသတွင်းရှိလယ်မြေဧက၁၁၀၀၀၀ ကိုပါ သီးထပ်သီးညှပ် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။

ကြိုးပမ်းတည်ဆောက်နေ

ထိုသို့ နိုင်ငံတော်တွင် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဘက်စုံစီမံကိန်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ရာသီအလိုက်ပြောင်းလဲခန်းခြောက်လေ့ရှိသော ကွန်းချောင်းမှ ရေများကို အလဟဿမဖြစ်စေဘဲ နွေစပါးသာမက ရေအားလျှပ်စစ်ပါ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းတည်ဆောက်လျက်ရှိပါကြောင်း သတင်းမြင်ကွင်းအဖြစ် တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း ၂၉ရာခိုင်နှုန်း ပြီးစီးနေသည်ကို ဤသို့တွေ့ရသည်။

● *ကျောဖုံးမှ*

မော်တော်ကား လမ်းဘေးဝဲယာတွင်လယ်ကွက်များအတွင်း ဆည်ရေများ ပေးသွင်းထားမှု၊ စက်ကိရိယာများ၊ ကျွဲနွားများနှင့် ထွန်ယက်နေမှုကို မြင်တွေ့ရသည်။

မေးမြန်း

ပြိုင်းချောင်း စီမံကိန်းနယ်မြေ (DY-2) မြောင်းထိပ်တွင် စက်မှုလယ်ယာရှေ့တန်းစခန်း (ယာယီ) တစ်ခု ဖွင့်လှစ်ပြီး ရွှေ့လျားစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေရာ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်မြင့်၊ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းတို့ကို အဆိုပါစခန်းတွင် တွေ့ဆုံသဖြင့် သိလိုသမျှ မေးမြန်းခဲ့သည်။

"နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ လယ်ယာကဏ္ဍမှာ သီးထပ်စွမ်းအား မြင့်မားစေပြီး လယ်ယာထွက်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ဖို့အတွက် **'လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်'**သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်ရေးဆောင်ရွက်လျက် ရှိပါတယ်။ နွေစပါး၊ နွေနှမ်းစိုက်ပျိုးရေးကို ထွန်စက်ကြီး၊ လက်တွန်းထွန်စက်တို့ကို အသုံးပြုပြီး ထွန်ယက်ရေးလုပ်ငန်းကို အချိန်တိုအတွင်းလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့် စက်ကိရိယာ၏ ထိရောက် သာလွန် ကောင်းမွန်မှု အကျိုးကျေးဇူး ရရှိမှုများကို ဒေသခံတောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြဆောင်ရွက်လျက်ရှိသလို တောင်သူတို့ လိုအပ်နေတဲ့ စက်ကိရိယာများကိုလည်း ဖြန့်ဖြူးသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ် ဦးစီးမှူး ဦးသန်းထွန်းက ဦးစွာရှင်းပြသည်။

အောင်မြင်စွာ

စစ်တွေခရိုင်ကျောက်ဖြူမြို့နယ်ရှိ ပြိုင်းချောင်းဆည်ရေဖြင့် နွေစပါးဧက ၄၀၀၀၊ နွေနှမ်းဧက ၁၀၀၀၊ ဇီးချောင်းဆည်ရေဖြင့် နွေစပါးဧက ၁၅၀ စိုက်ပျိုးမည်ဖြစ်ရာ စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်ယက်ရေးအဖွဲ့တစ်ဖွဲ့လျှင် ဌာနပိုင်ထွန်စက်ကြီး လေးစီး၊ လက်တွန်းထွန်စက် ခြောက်စီးဖြင့် ပြိုင်းချောင်းစီမံကိန်း နယ်မြေတွင် လေးဖွဲ့၊ ဇီးချောင်းနယ်မြေ၌ တစ်ဖွဲ့ထားရှိကာထွန်ယက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားမည် ဖြစ်ပေသည်။

"ဒေသခံ တောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြဆောင်ရွက်လျက်ရှိပြီး တောင်သူတွေလိုအပ်တဲ့ စက်ကိရိယာများကို ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်"

ဦးသန်းထွန်း (ပြည်နယ်ဦးစီးမှူး)
ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန

ထွန်ယက်

မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိချိန်တွင် ပြည်နယ် စက်မှုလယ်ယာဦးစီးမှူးကိုယ်တိုင် ကြီးကြပ်ကာ လယ်ယာ(၂၂) လက်တွန်းထွန်စက်အသစ်များကို ကျွမ်းကျင်ဝန်ထမ်းများက တပ်ဆင်နေကြသည်။ တစ်နေ့လျှင် ထွန်စက်ကြီးတစ်စီး ၁၀ဧက၊ လက်တွန်းထွန်စက်တစ်စီး လေးဧကနှုန်းဖြင့် ထွန်ယက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဌာနမှ ထွန်စက်ကြီး အစီး၂၀၊ တောင်သူနှင့် တပ်ရင်း၊ တပ်ဖွဲ့ပိုင် လက်တွန်းထွန်စက်များကို အသုံးပြုလျက် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ တောင်သူများ၏အကူအညီဖြင့် စက်မှုလယ်ယာဝန်ထမ်းများက ထွန်ယက်ရေး ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

ထိုစဉ် စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေး သောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့ ရောက်ရှိလာကာနွေစပါး၊ နွေနှမ်းလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးရေးကို ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များကို ပြောပြသည်။

ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က ပြိုင်းချောင်းဆည်မှ ပေးဝေရေဖြင့် လယ်ဧက ၁၂၀တွင် နွေစပါးစိုက်ပျိုး အောင်မြင်နေသည့် တောင်ထောင်အုပ်စု၊ ဂါဘုကျေးရွာမှ ဦးမောင်ထွီး၏ နွေစပါးစိုက်ခင်းသို့ သွားရောက်လေ့လာရန် ဖိတ်ကြားသဖြင့် သတင်းအဖွဲ့စုရပ်မှ လေးမိုင်ကွာဝေးသည့် ဂါဘုကျေးရွာသို့သွားခဲ့သည်။

ကျောက်တော်မြို့နယ် တောင်ထောင်အုပ်စု ဂါဘုကျေးရွာ ဦးမောင်ထွီး၏ ဝီရိယကောင်းစွာစိုက်ပျိုးထားသည့် နွေစပါးဧက ၁၆၀မှ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်း။ (မြန်မာ့အလင်း)

ကြိုဆို

မိုးစပါးဧက ၁၆၀ကို ဦးစီးဆောင်ရွက်ပြီး ၂၀၀၇-၂၀၀၈ခုနှစ် စိုက်ပျိုးရာသီအတွင်း တစ်ဧက ၈၅တင်းမှ တင်း၁၂၀ ထွက်အောင် ကြိုးပမ်းအောင်မြင်ခဲ့သည့် လယ်သမားကြီး ဦးမောင်ထွီး (၃၈)နှစ်က စိမ်းစိုနေသည့် စပါးခင်းအတွင်းမှ သတင်းအဖွဲ့ကို ကြိုဆိုနေသည်။

ဦးမောင်ထွီးက "ယခုနှစ်လည်း စပါးအထွက်တိုးရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ မြန်မာ့ဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးယူမည်ဖြစ်ကြောင်း၊ ယမန်နှစ်က နွေစပါးအထွက်နှုန်း ပြည်နယ်ဆုရသဖြင့် ယခုနှစ်လည်း ဆုရအောင်ကြိုးပမ်းမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ အားပါးတရ ပြောပြသည်။

ပြိုင်းချောင်း ရေလှောင်တမံ လက်တံမြောင်းဘေးမှ ပြိုင်းချောင်း ဆည်ရေဖြင့် ဖြစ်ထွန်းအောင်မြင်နေသည့် ဆောင်းသီးနှံစိုက်ခင်း။
(မြန်မာ့အလင်း)

စုရပ်ရောက်သည်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး(၁)ရုံး တည်ဆောက်ရေး(၃)မှဦးစီးအရာရှိ ဦးအောင်ကြည်စိုးက ပြိုင်းချောင်း ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ဖိတ်ခေါ်သဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ ဒုတိယအကြိမ်သွားရောက်ခဲ့ကြသည်။

လိုက်လံပြသ

ဦးစီးအရာရှိ ဦးမြင့်သန်းက ရှင်းလင်းပြောကြားရာတွင် "နိုင်ငံတော်မှဒေသခံတောင်သူများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကျပ် သန်းပေါင်း ၄၄၆၀ အကုန်အကျခံကာ ရေပြင်အကျယ် ၆၂၅ဧက၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၅၀၂၅ဧကေ ပေရှိ ပြိုင်းချောင်း ရေလှောင်တမံကို ၂၀၀၂-၂၀၀၃ခုနှစ်က တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်ကြောင်း၊ တမံအမျိုးအစား မြေသားတမံဖြစ်ပြီး အမြင့် ၁၁၆ပေရှိကာ ကန်ရေပြည့် ၂၅၀၂၅ဧကေပေ သိုလှောင်ထားကြောင်း၊ နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ၁၉၀ရှိ၍ ရေစီးဝင်မှု၂၉၉၈၅ ဧကပေရှိကြောင်း၊ တူးမြောင်းမကြီး အလျားရှစ်မိုင်နှင့် လက်တံမြောင်း အလျား ၁၃မိုင်၊ တူးမြောင်း အဆောက်အအုံ၁၆၃ခု ရှိကြောင်း" ရှင်းလင်းပြောကြားပြီး ဧက ၅၀၀၀ကို ဆည်ရေပေးဝေနိုင်မည့် ပြိုင်းချောင်းရေလှောင်တမံအတွင်း စက်လှေဖြင့် လိုက်လံပြသသည်။



နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း၄၄၆၀ အကုန်အကျခံကာ နွေစပါးဧက ၄၀၀၀၊ နွေနှမ်းဧက ၁၀၀၀ရေပေးနိုင်သည့် ပြိုင်းချောင်း ရေလှောင်တမံနှင့် ပတ်သက်၍ ဦးစီးအရာရှိ ဦးအောင်ကြည်စိုးက ရှင်းလင်းပြောကြားစဉ်။
(မြန်မာ့အလင်း)

စက်လှေဖြင့် သွားနေစဉ်အတွင်း ကန်အတွင်းမှ ငါးများမြူးထူးကာ ခုန်ပျံနေသောအလှနှင့် ကမ်းစပ်တွင် ရေသောက်နားနေသော ငှက်တစ်သိုက် ပျံတက်သွားသောအလှကား တောတောင်အလယ် ရေကန်ကြီး၏ အလှနှင့်ပန်းရကာကြည်နူးစရာပင်ဖြစ်ပါသည်။

ကန်ရေပြည့် ရေလှောင်ပမာဏ၂၅၀၂၅ဧကပေသိုလှောင်ထားသည့် ပြိုင်းချောင်း ရေလှောင်တမံ။
(မြန်မာ့အလင်း)

စိုက်ခင်းများ

ပြိုင်းချောင်းရေလှောင်တမံမှအပြန် လမ်းတစ်လျှောက်တွင် ဦးစီးအရာရှိ ဦးအောင်ကြည်စိုးက ရေသွယ်မြောင်းလက်တံများ တည်ဆောက်ထားမှုနှင့် မြောင်းလက်တံ ဘေးဝဲယာတွင် ဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော စိမ်းစိုနေသည့် နွေစပါးခင်းများနှင့် ဆောင်းသီးနှံစိုက်ခင်းများကိုပြသသည်။

သတင်းအဖွဲ့ရောက်ချိန်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ညှိအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားကြီးများ တွေ့ဆုံပွဲကို(LMC)လက်ဝဲမြောင်းမကြီး ရှင်းလင်းဆောင်တွင် ကျင်းပနေချိန် ဖြစ်သည်။

မှာကြား

တိုင်းမှူးက ဒေသခံလယ်သမားများအတွက် ဓာတ်မြေဩဇာယူရီးယား အိတ် ၄၆၈အိတ်ကို တစ်အိတ်လျှင် ကျပ်၂၇၀၀၀နှုန်းဖြင့်လည်းကောင်း၊ ကျောက်မှုန့် ၁၇၂အိတ်ကို တစ်အိတ်လျှင် ကျပ် ၁၁၀၀နှုန်းဖြင့် သီးနှံပေါ်ပေးအကြွေးရောင်းချမည်ဖြစ်ကြောင်း၊ စူပါဘိုင်အိုစူပရင်းသဘာဝဓာတ်မြေဩဇာထုတ်လုပ်ရေးမှ သဘာဝဓာတ်မြေဩဇာ အိတ်၈၀အခမဲ့ပေးဝေကာ တစ်အိတ် ကျပ် ၁၀၈၀၀ဖြင့် အိတ် ၃၁၀ ကို သီးနှံပေါ်ပေး ရောင်းချပံ့ပိုးမည်ဖြစ်ကြောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လယ်သမားကြီးများအား စိုက်ပျိုးစရိတ်တစ်ဧကကျပ်၅၉၆၀၀၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှလည်း တစ်ဧကကျပ် ၈၀၀၀နှုန်း ချေးငှားသွားမည်ဖြစ်သည့်အပြင်စိုက်ပျိုးရေးဝန်ထမ်းများက သီးနှံအထွက်တိုးရန် နည်းပညာများ စဉ်ဆက်မပြတ်ပေးမည်ဖြစ်သဖြင့်ကြိုးပမ်းစိုက်ပျိုးကြရန် မှာကြားသည်။ ဒေသခံများ စပါးဖူလုံပိုလျှံကာထိုက်သင့်သည့်ငွေကြေးများရရှိစေရန် တာဝန်ရှိသူများ၏ မွန်မြတ်သည့်စေတနာကို ဒေသခံများ ရရှိခံစားနေရပေပြီ။

ဤသို့ဖြင့် ကျောက်တော်မြို့နယ်သည် ပြိုင်းချောင်းရေလှောင်တမံမှ ရေများ ရရှိပြီဖြစ်သဖြင့် ဆည်ရေသောက်လယ်များ တစ်နှစ်သုံးသီးစိုက်ကာ ဒေသခံလယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း တော်ပြလိုက်ရပါသည်။ (မြန်မာ့အလင်း)

ကျောက်တော်မြို့နယ်သည် ပြိုင်းချောင်း ရေလှောင်တမံမှ ရေများ ရရှိပြီဖြစ်သဖြင့် ဆည်ရေသောက်လယ်များ တစ်နှစ်သုံးသီး စိုက်ကာ ဒေသခံလယ်သမားတို့၏ လူမှု စီးပွားဘဝ တိုးတက်လာမည်မှာ မလွဲကေန်ပင်။

ရိုးရာလက်ဖက်၊ ခေတ်ပေါ်ဆိုးဆေးနှင့် ကျန်းမာရေးအန္တရာယ်

မြန်မာတို့သည် ရှေးပဝေသဏီကာလကပင် လက်ဖက်ကို နှစ်နှစ်ခြိုက်ခြိုက် စားသုံး၊သောက်သုံးလာခဲ့ကြသည်။ လက်ဖက်ကို အဘယ်မျှ နှစ်သက်သနည်း ဆိုလျှင် မြန်မာဆိုရိုးစကားတွင် **"အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်"** ဟုပင် တင်စားပြောဆိုခဲ့ကြသည်။ လက်ဖက်သည် နှစ်ထောင်ပေါင်းများစွာကပင် တရုတ်နိုင်ငံတွင် စတင်စိုက်ပျိုးခဲ့သည်။ လက်ဖက်သည်တရုတ်နိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့သည်။ များသောအားဖြင့် လက်ဖက်ပင်များကို တောင်စောင်းများတွင် လှေကားထစ်သဖွယ် အဆင့်ဆင့်ပြုလုပ်၍ စိုက်ပျိုးလေ့ရှိကြလေသည်။

လက်ဖက်ပင် သုံးနှစ်သားအရွယ်ခန့်ရောက်လျှင် အရွက်နှင့်အဖူးများကို ခူးနိုင်ပြီဖြစ်သော်လည်း အကောင်းဆုံး လက်ဖက်ရွက်ကိုကား ၁၀နှစ်၊ ၁၅နှစ်ခန့် အရွယ်ရှိသော လက်ဖက်ပင်များမှသာ ရနိုင်လေသည်။ လက်ဖက်ပင်များကို မြင့်မတက်စေရန်နှင့် အရွက်များများထွက်စေရန် မကြာမကြာလည်း ချိုင်၍ ပေးရလေသည်။ ၂၅နှစ်ခန့် အရွယ်ရောက်သောအခါ လက်ဖက်ပင်ကို မြေကြီးမှကပ်၍ ခုတ်လှဲပြီးနောက် အသစ်တစ်ဖန် အမြစ်မှ ပြန်ပေါက်စေပြန်သည်။

လက်ဖက်ကို မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)တို့တွင် အဓိကထားစိုက်ပျိုးကြသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲ၊ နမ့်ဆန်ဒေသတို့မှ လက်ဖက်စိုအများဆုံး ထွက်ရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်းတယ၊ ပင်လောင်း၊ ပင်လုံဒေသမှ အကောင်းဆုံး လက်ဖက်ခြောက်များ ထွက်ရှိကြသည်။ လက်ဖက်ပင်ရွက်သည် နှစ်စဉ် တန်ခူးလဆန်းစအခါနှင့် သင်္ကြန်ရက်မတိုင်မီ၌ အနည်းအကျဉ်း ရွက်သစ်နုထွက်၍ သင်္ကြန်ရက်အတွင်း သင်္ကြန်မိုးရွာချပြီးနောက် အပင်တိုင်း၌ ဝေဝေဆာဆာ ရွက်နုများ ထွက်လာလေသည်။ လက်ဖက်ပင်မှ လက်ဖက်ရွက်များကို မတ်လတွင် စတင်ခူးယူကာ နှင်းရည်ဖျန်းထားသော ရွှေဖီမိုးလွှတ် လက်ဖက်ခြောက်အဖြစ် ထုတ်လုပ်ပြီး လက်ဖက်စိုများသည် မေလဆန်းမှစ၍ ရှမ်းပြည်နယ်မှ မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ဖြန့်ချိရောင်းချလာခဲ့သည်။

လက်ဖက်စိုများတွင် ရွက်နုပိုင်း(အထက်စ)များနှင့်ရွက်ရင့်ပိုင်း(အောက်စ) များဟူ၍ အမျိုးအစား အမျိုးမျိုးရှိသည်။ ရွက်နုပိုင်း လက်ဖက်စိုများသည် လက်ဖက်သားနူးညံ့ခြင်း၊ လက်ဖက်အရသာ အပြည့်အဝရှိပြီး အရောင်အဆင်း လှပခြင်းတို့ကြောင့် ဈေးနှုန်းတန်ဖိုးမြင့်မားသည်။ ရွက်ရင့်ပိုင်း လက်ဖက်စိုများသည် လက်ဖက်သားကြမ်းတမ်းပြီး အရောင်မှာ အနည်းငယ် မွဲခြောက်ခြောက်ရှိသည်။ လက်ဖက်ရွက်များကို အပင်မှခူးယူ၍ပေါင်းပြီး ရက်သတ္တပတ်အနည်းငယ်ခန့် နှပ်လိုက်ပါက စားသုံးရန် အသင့်ဖြစ်နေသော လက်ဖက်စိုများကို ရရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် လက်ဖက်သည် အရေးပါအရာရောက်၏။ မြန်မာနိုင်ငံတွင် လက်ဖက်အစို၊ လက်ဖက်အခြောက်၊ လက်ဖက်အချိုခြောက်နှင့် လက်ဖက်အဆီ စသည်ဖြင့် လေးမျိုး လေးစားအထိခွဲခြား၍ လိုအပ်ရာရာ ပြုလုပ်သုံးစွဲကြသည်။ အထူးသဖြင့် လက်ဖက်စိုမှာ ရိုးရာအလိုက်ပွဲဝင်သော ခဲဖွယ်တစ်ခုဖြစ်သည်သာမက လွှတ်ရုံးများ၏ အဆုံးအဖြတ်များ၌ပင်လျှင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ လက်ဖက်စား၍ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိကြ၏။ ရပ်ရွာအတွင်း၌လည်း ဘာသာရေးပူဇော်ပွဲ၊ နတ်ပူဇော်ပွဲများတွင် လက်ဖက်မပါလျှင် မပြီးသကဲ့သို့ဖြစ်သည်။ မြန်မာ့ရိုးရာအလိုက် ထိမ်းမြားမင်္ဂလာပွဲများအတွက် ဖိတ်ကြားရာဝယ် လက်ဖက်ထုပ်များဖြင့် ဖိတ်ကြားလေ့ရှိခဲ့၏။ တောင်သူလယ်လုပ်တို့မှာ လက်ဖက်တစ်ရိုးကွမ်းတစ်ယာပေးပြီးလျှင် သမီးပေး သားယူ ထိမ်းမြားလေ့ရှိလေသည်။

မြန်မာဘုရင်များသည် လက်ဖက်စိုကို အထူးမွန်မြတ်သော အာဟာရတစ်ခုအနေဖြင့် မှီဝဲသုံးဆောင်လေ့ရှိခြင်းကြောင့် မင်္ဂလာမင်းခမ်းမင်းနားများတွင် လက်ဖက်အိုး၊ လက်ဖက်ခွက်များကို ဘုရင့်အသုံးအဆောင်ပစ္စည်း တစ်ခုအဖြစ်ထား၍ သုံးစွဲခဲ့ကြ၏။ ဆင်းရဲသား လယ်လုပ်ကုန်သည်များအဖို့လည်း လက်ဖက်ကို နေ့စဉ်အာဟာရတစ်ခုအနေဖြင့် သုံးစွဲကြခြင်းကြောင့် အိမ်တိုင်းလိုလိုမှာပင် လက်ဖက်အိုး၊ လက်ဖက်ခွက်များ ထားရှိကြလေသည်။ လက်ဖက်အစိုကို ရှေးအဆက်ဆက်က နှမ်းဆီနှင့်စိမ်ထားပြီးလျှင် စားသုံးလေ့ရှိ၏။ ထိုမှနောက်ခေတ်များတွင် ကြက်သွန်ဖြူအကြော်၊ နှမ်းလှော်၊ ပဲလှော် စသောအကြော်အလှော်များဖြင့် ရောနှောသုံးဆောင်လေ့ရှိကြသည်။

ယခင်က လက်ဖက်စိုများကို ဆေးဆိုးခြင်းမပြုဘဲ ရောင်းချစားသုံးခဲ့ခြင်းဖြစ်သော်လည်း လွန်ခဲ့သော နှစ် ၂၀ ကျော်မှစ၍ လက်ဖက်စိုရောင်းချသူများသည် အမြင်ပသာဒ လှပစေရန်အတွက် အဝါရောင်ဆိုးဆေးများကို ထည့်သွင်းအသုံးပြုလာကာ တဖြည်းဖြည်းတွင်ကျယ်လာပြီး ယခုအခါလူအများသည် အဆိုပါ ဆိုးဆေးအရောင်များကို သဘာဝလက်ဖက်အရောင်ဟု ထင်မှတ်ကာ စားသုံးလာကြသည်။ ထိုအခါအရောင်မဆိုးထားသောလက်ဖက်စိုများသည် တဖြည်းဖြည်း ရောင်းအားမရှိဖြစ်လာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဆေးဆိုးရာတွင် ဈေးနှုန်းသက်သာသော အော်ရာမင်းအို (Auramine O) အဝါရောင် ဓာတုဗေဒဆိုးဆေးများကို အဓိက အသုံးပြုလာကြသဖြင့် လက်ဖက်စိုများတွင် Auramine O မပါဝင်သော လက်ဖက်ဟူ၍ မရှိသလောက် ဖြစ်လာသည်။ Auramine O ဆိုးဆေးသည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကို အရောင်ဆိုးသော ဓာတုပစ္စည်းတစ်ခု ဖြစ်ပါသည်။ အဆိုပါ ဆိုးဆေးသည် စားသုံးသူများကို လတ်တလော အဆိပ်အတောက်မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့်ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်းနှင့် ကင်ဆာရောဂါတို့ကို ဖြစ်စေတတ်ပါသည်။ ထို့အတူ မြို့နေလူထုတို့ နှစ်သက်စွာ သောက်သုံးနေသော လက်ဖက်ရည်ဖျော်ရန် ကုန်ကြမ်းဖြစ်သော လက်ဖက် အချိုခြောက်များကိုလည်း အမြင်ပသာဒလှပစေရန်အတွက် Auramine O နှင့် Orange II အရောင်ဆိုးဆေးများကို ထည့်သွင်းအသုံးပြုလာသည်ကို တွေ့ရှိနေရသည်။ Orange II အရောင်ဆိုးဆေးများသည် စားသုံးသူတို့၏ မျိုးရိုးဗီဇကို အဆိပ်အတောက် (Genotoxic) ဖြစ်စေသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၄င်း၏ ရည်မှန်းချက်(၂)ရပ် ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့အတွက် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် အတွက်ရည်ရွယ်ပြီး **အမျိုးသားအစားအသောက်ဥပဒေ**ကို ၁၉၉၇ ခုနှစ် မတ် ၃ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(က) အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်ကို အများပြည်သူတို့ စားသုံးနိုင်ရန်၊

(ခ) ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်ကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) ထိန်းချုပ်အစားအသောက် ထုတ်လုပ်ခြင်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဃ) အစားအသောက်များထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန် တို့ ဖြစ်ပါသည်။

ဒေါက်တာထွန်းမြင့်

(**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**)

အမျိုးသား အစားအသောက် ဥပဒေအခန်း(၁၀) တားမြစ်ချက်၊ ပုဒ်မ (၂၂)တွင် မည်သူမျှ အောက်ဖော်ပြပါ အစားအသောက်ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရဟု ဖော်ပြထားသည်။

(က) စားသုံးသူကိုအဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်၊

(ခ) အစားအသောက်၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် အရာဝတ္ထု တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော သို့မဟုတ် ရောစပ်ထားသော အစားအသောက်၊

(ဂ) အစားအသောက်ထပ်ဖြည့်ပစ္စည်းကို သတ်မှတ်ချက်ထက် ပိုမို အသုံးပြုထားသော အစားအသောက်၊

(ဃ) သက်ဆိုင်ရာကသတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာဓာတ်ပစ္စည်း အများဆုံးပါနိုင်ခွင့်ရှိသော ပမာဏထက် ပိုမိုပါရှိသော အစားအသောက်၊

(င) သက်ဆိုင်ရာက တားမြစ်ထားသည့်ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့် ပစ္စည်းဖြစ်စေ ပါရှိသော အစားအသောက်၊

(စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ် လူတို့စားသုံးရန် မသင့်လျော်သော ပစ္စည်းပါရှိသည့် အစားအသောက်။

အမျိုးသားအစားအသောက် ဥပဒေအခန်း(၁၀) ပြစ်မှုပြစ်ဒဏ်များ၊ ပုဒ်မ (၂၈)တွင် မည်သူမဆို ပုဒ်မ (၂၂)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင်

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င) သို့မဟုတ် ပုဒ်မခွဲ(စ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ်၃၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟူ၍ အတိအလင်း ဖော်ပြထားသည်။

ထို့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် အစားအသောက်နှင့် ဆေးဝါးများကို စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိရာ မြန်မာတစ်နိုင်ငံလုံး လူတိုင်းနှစ်သက်စွာ စားသုံးနေသော လက်ဖက်စိုများလည်း ပါဝင်ပါသည်။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော လက်ဖက်စိုများထဲမှ နမူနာ ၁၈၀ကို ဓာတ်ခွဲစစ်ဆေးရာတွင် နမူနာ ၉၄ခုတွင် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အရောင်ဆိုးဆေး Auramine O ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ထိုသို့ စားသုံးရန်မသင့်သော အမှတ်တံဆိပ်၊ လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများကို ၂၀၀၉ခုနှစ် မတ်လ ၁၂ရက်ထုတ် နေ့စဉ်သတင်းစာများတွင် ပြည်သူတို့အား အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

Auramine O ဆိုးဆေးဆိုးထားသော လက်ဖက်များသည် အပေါ်ယံအမြင်အလှသာရှိပြီး ဘေးထွက်ဆိုးကျိုးများသော အစားအသောက်ပစ္စည်း တစ်ခုဖြစ်ပါသည်။ ထိုသို့ ကျန်းမာရေးဝန်ကြီးဌာန၏ အသိပေးကြေညာခဲ့သဖြင့် ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာယူခဲ့သော၊ အရောင်ဆိုးထားသော လက်ဖက်စိုများ၏ ဝယ်လိုအားသည် ကျဆင်း၊ ရပ်ဆိုင်းသွားသည်ကို တွေ့ရှိရပါသည်။ လူတို့သည် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ယခုအခါ အရောင်ဆိုးထားခြင်းမရှိသော လက်ဖက်စိုများကိုသာ ဝယ်ယူစားသုံးလာသည်ကို တွေ့ရှိရပါသည်။ ယခုကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာချက် ထုတ်ပြန်လိုက်သောအချိန်သည် တစ်နှစ်တာအတွက် လက်ဖက်စိုများ စတင်ထွက်ရှိ ပေါင်း၊နှပ်သော အချိန်ဖြစ်သဖြင့် အဆိုပါ အသိပေးကြေညာချက်ကြောင့် ယခုနှစ် လက်ဖက်ရာသီမှစ၍ နောင်တွင် အရောင်ဆိုးဆေးဆိုးထားသော လက်ဖက်စားသုံးမှုများ လျော့နည်းကာ လုံးဝပပျောက်သွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့ အရောင်ဆိုးဆေးဆိုးထားသော လက်ဖက်စားသုံးမှုများ လုံးဝပပျောက်သွားစေရန်နှင့် အရောင်မဆိုးထားသော လက်ဖက်များ စားသုံးမှု အလေ့အကျင့်ဖြစ်ပေါ်လာကာ ထိုကျန်းမာသော အကျင့်ကောင်းများ ရေရှည်တည်တံ့စေရန်အတွက်သည် ကျန်းမာရေးဝန်ကြီးဌာန၏ ပညာပေးလှုံ့ဆော်မှု တစ်ခုတည်းဖြင့် မလုံလောက်ပါ။ စားသုံးသူများ၏ ကျန်းမာရေးပညာနှင့် အသိစိတ်ဓာတ်မြင့်မားစွာဖြင့် ပူးပေါင်းပါဝင်လာမှု၊ လက်ဖက်လုပ်ငန်းရှင်များသည် မိမိ၏ရောင်းလိုအား ကောင်းလိုမှုနှင့် အမြတ်အစွန်းရရှိရေးအတွက်သာ ပဓာနမဟုတ်ဘဲ အများပြည်သူတို့အတွက် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ထုတ်လုပ်ရန်ဟူသော အတ္တဟိတနှင့် ပရဟိတမျှတစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လိုမှုနှင့် နိုင်ငံတော်မှ လိုအပ်ပါက တရားဥပဒေအရ ထိရောက်စွာပြစ်ဒဏ်ပေး အရေးယူဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါသည်။ ထို့အပြင် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စိတ်ချလက်ချစားသုံးနိုင်ရန် ထိုကဲ့သို့ အစားအသောက်တို့အား အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းခြင်း ရှိ မရှိ စစ်ဆေးခြင်းကိစ္စအား ပုံမှန်အစဉ်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အခြားစားသောက်ကုန်များ၏ အရည်အသွေးကိုလည်း စစ်ဆေးရန် လိုအပ်ပေသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်နှင့်ဆေးဝါးများကို အများပြည်သူတို့ရရှိနိုင်ရေး ရှေးရှု၍ အစားအသောက်များတွင် ဓာတုဗေဒဆိုးဆေးများ(Synthetic chemical dyes)များ အသုံးပြုထားခြင်း ရှိမရှိစစ်ဆေးခြင်း၊ စနစ်ကျကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ (Good Manufacturing Practice: GMP) အသုံးပြု၍ ထုတ်လုပ်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာကာ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသို့ ရှေးရှုနေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စိတ်ချလက်ချစားသုံးနိုင်ရန် ထိုကဲ့သို့ အစားအသောက်တို့အား အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းခြင်း ရှိ မရှိ စစ်ဆေးခြင်းကိစ္စအား ပုံမှန်အစဉ်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အခြား စားသောက်ကုန်များ၏ အရည်အသွေးကိုလည်း စစ်ဆေးရန်လိုအပ်။

ထုတ်လုပ်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ စနစ်တကျအသုံးပြု စက်ယန္တရားများကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧပြီ ၂၁ရက်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ တည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး Machine Shop No(1), No(2), Heat Treatment Shop နှင့် Assembly Shop တို့ တည်ဆောက်ပြီးစီးမှုနှင့် စက်များတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ တည်ဆောက်မှုလုပ်ငန်းများပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တီထွင်ကြံဆ

ထို့နောက် ဝန်ကြီးသည် မြေထိုး မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ စနစ်တကျ အသုံးပြုရေး၊ ထုတ်လုပ်သည့်ယန္တရားများ Workmanship ကောင်းမွန်ရေးနှင့် Localization ကို တီထွင်ကြံဆ ကြိုးပမ်းရေးတို့ကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်၍ ထိုင်းနိုင်ငံရှိ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ရှေးဟောင်းသုတေသနနှင့် အနုပညာဆိုင်ရာ ဗဟိုဌာန (Southeast Asian Ministers of Education Organization, Regional Centre for Archaeology and Find Arts, SEMEO SPAFA)နှင့် အာဆီယံဖောင်ဒေးရှင်းတို့က ပူးပေါင်းကျင်းပသည့် လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Youth, Culture and Development) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အနုပညာဆိုင်ရာ ဗဟိုဌာနမှ ဒါရိုက်တာ Dr. Pisit Charoenwongsa က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် မန္တလေးမြို့၌ ဧပြီ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ လူငယ်ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ လူငယ်ကိုယ်စားလှယ်များ စုစုပေါင်း ၃၉ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိသော)ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ
၁။	Vagilan Tablet (Metronidazole 200mg)	Union Drug Labs Ltd.,Thailand.
၂။	Sultrim Tablet (Sulphamethoxazole 400 mg, Trimethoprim 80 mg)	New Life Pharma Co.,Ltd.,Thailand.
၃။	Amico Tablet (Aluminium hydroxide 120 mg, Magnesium Trisilicate 250mg)	T.O Med Co.,Ltd., Thailand.
၄။	Memorin Tablet (Cinnarizine 25mg)	Bangkok Lab & Cosmetic Co.,Ltd., Thailand.
၅။	Neorox Tablet (Piroxicam 20 mg)	New Life Pharma Co.,Ltd., Thailand.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုရီးယားပန်းမန်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသရန် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ အတွင်းရေးမှူးနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၂

ကိုရီးယားသမ္မတနိုင်ငံ ဂိုရန်မြို့တော်ဝန်၏ ဖိတ်ကြားချက်အရ ဂိုရန်မြို့တော် (Goyang City)၌ ဧပြီ ၂၃ရက်မှ မေ ၁၀ရက်အထိ ကျင်းပမည့် International Horticulture Goyang Korea 2009 ပြပွဲတွင် ပါဝင်ပြသရန် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အတွင်းရေးမှူး ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

ခင်းကျင်းပြသမည်

ယင်းကိုယ်စားလှယ်အဖွဲ့တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဦးစိုးဟန်၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးကျော်ညွန့်နှင့် ဦးဝင်းအောင်တို့ လိုက်ပါသွားကြပြီး ပြပွဲတွင် ၁၀ ပေ × ၁၅ပေ အကျယ် ပြခန်းတစ်ခန်းကို မြန်မာ့သစ်ခွနှင့် ပန်းမန်များဖြင့် ခင်းကျင်းပြသကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွှဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Info Myanmar Computer Service & Training Centre ၏ပံ့ပိုးကူညီမှုတို့ဖြင့် ဧပြီ ၂၅ ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR)က "စီမံခန့်ခွဲမှုပညာ ဖွံ့ဖြိုးတိုးတက်စေသော အစီအစဉ်များ" (Management Development Programmes) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

လီဗာပူးအား ဂိုးမိုးရွာခဲ့သောအာရှာဗင် အာဆင်နယ်နှင့်အသားကျရန်လို

လန်ဒန် ဧပြီ ၂၂

ပြီးခဲ့သည့် မတ် ၂၁ရက်က ရုရှားနှင့် အာဆင်နယ်တိုက်စစ်မှူး အာရှာဗင်သည် ပြိုင်ဘက်လီဗာပူးအသင်းအား လေးဂိုးသွင်းကာ ခြေစွမ်းပြနိုင်ခဲ့သော်လည်း အသင်းနှင့်အသားကျရန် အချိန်လိုအပ်ဆဲဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် ၂၇နှစ်ရှိ အာရှာဗင်၏ တစ်ကိုယ်တော် ခြေစွမ်းထက်မြက်မှုကြောင့် အာဆင်နယ်အသင်းအနေဖြင့် လီဗာပူးအသင်းအား အနိုင်ရလုနီးပါးဖြစ်ခဲ့သော်လည်း ဘီနာယောင်၏ ချေပဂိုးကြောင့် ရှုံးနိမ့်နေသော လီဗာပူးတို့ အံ့အားသင့်ဖွယ် ပြိုင်ပွဲအဖြစ် လေးဂိုးစီ သရေကျခဲ့သည်။

အာရှာဗင်သည် ယခုရာသီစောစောပိုင်းက ဇင်းနစ်အသင်းနှင့်အတူ ပါဝင်ကစားခဲ့သည့်ပြိုင်ပွဲကြောင့် မန်ယူအသင်းနှင့်ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် စည်းကမ်းအရ အာဆင်နယ်အသင်း၌ ပါဝင်ကစားခွင့် မရှိတော့ချေ။

(အင်တာနက်)

ဘက်ခမ်းအားထပ်မံစာချုပ်ချုပ်ဆိုလိုကြောင်း အေစီမီလန်အကြီးအကဲ အတည်ပြုပြောကြား

လန်ဒန် ဧပြီ ၂၂

စပါးအသင်းက ဒေးဗစ်ဘက်ခမ်းအား ခေါ်ယူရန်ပြင်ဆင်နေသည့် သတင်းများထွက်ပေါ်နေချိန်တွင် ဘက်ခမ်းအား ထပ်မံစာချုပ်ရန်အတွက် လော့စ်အိန်ဂျလိစ်ဂလက်ဆီအသင်းနှင့် ဆွေးနွေးညှိနှိုင်းလိုကြောင်း အေစီမီလန်အသင်းက ထပ်လောင်းပြောကြားခဲ့သည်။

သဘောတူညီခဲ့

အသက်၃၃နှစ်ရှိ ဘက်ခမ်း(**ယာပုံ**)၏ အငှားစာချုပ်ကို စီးရီးအေရာသီကုန်ထိအောင် တိုးချဲ့ ချုပ်ဆိုရန် ပြီးခဲ့သည့်လတွင် ရော့စ်ဆိုနီရီက သဘောတူညီခဲ့သည်။ ယင်းစာချုပ်အရ ဘက်ခမ်းသည် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလတွင် ဂလက်ဆီအသင်းသို့ ပြန်မသွားမီ အေစီမီလန်အသင်းတွင် ရာသီကုန် လာမည့်နိုဝင်ဘာလအထိ ရှိနေမည်ဖြစ်သည်။

ပြင်ဆင်ကြိုးစား

သို့သော်လည်း ပရီမီယာလိဂ်တွင် ထိပ်ဆုံးအသင်း စာရင်းဝင်နိုင်ရန် စပါးနည်းပြ ဟာရီရက်နက်က ပြောင်းရွှေ့ကြေးပေါင်သန်း၄၀ဖြင့် ဘက်ခမ်းအားခေါ်ယူရန် ပြင်ဆင်ကြိုးစားလျက်ရှိကြောင်း သည်ဆန်းသတင်းစာက အခိုင်အမာရေးသားဖော်ပြသည်။

ပြန်လည်ခေါ်ယူလို

အေစီမီလန် အကြီးအကဲ အက်ဒရီယာနိုဂယ်လီယာနီကမူ အီတလီအသင်းအနေဖြင့် ဘက်ခမ်းအား ဆန်စီရိုသို့ ပြန်လည်ခေါ်ယူလိုကြောင်း ဧပြီ၂၂ရက်က ပြောကြားလိုက်သည်။

(အင်တာနက်)

ဗီလာခံစစ်မှူးမာတင် ဒူးဒဏ်ရာကြောင့် အနားယူရဖွယ်ရှိ

လန်ဒန် ဧပြီ ၂၂

အက်စ်တွန်ဗီလာခံစစ်မှူး မာတင်လော်ဆင်(**အောက်အလယ်ပုံ**)သည် ၄င်း၏ဒူးဒဏ်ရာကို နောက်ဆုံးဆေးစစ်ချက်များ ပြုလုပ်ပြီးနောက် ဘောလုံးလောကမှ အနားယူရဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဒူးဒဏ်ရာပြန်လည်ခံစားခဲ့ရ

ဒိန်းမတ်လက်ရွေးစင်ကစားသမား မာတင်သည် ဒူးဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက ဗီလာအသင်းအတွက် ပါဝင်မကစားနိုင်ခဲ့ချေ။ ၄င်းသည် ဧပြီလဆန်းက အသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်ရန် မျှော်လင့်ခဲ့သော်လည်း မတ်လအတွင်းက ဒူဘိုင်းတွင် လေ့ကျင့်ကွင်းဆင်းစဉ် ဒူးဒဏ်ရာပြန်လည်ခံစားခဲ့ရမှုကြောင့် မကစားနိုင်ခဲ့ချေ။

ထိခိုက်နစ်နာ

မာတင်သည် ယခုဘောလုံးရာသီတွင် ဗီလာအသင်းအတွက် အရေးပါသော ကစားသမားတစ်ဦးဖြစ်ပြီး ၄င်းအား ဆုံးရှုံးခဲ့ရမှုသည် အသင်းအတွက် ထိခိုက်နစ်နာစေခဲ့သည်ဟု ဆိုသည်။

ဝန်ခံပြောကြား

ဗီလာအသင်း၌ အသက် ၃၁နှစ်ရှိ မာတင်၏အနာဂတ်မှာ မရေရာသော်လည်း အေစီမီလန်ဘောလုံးကြယ်ပွင့်ဟောင်း မာတင်၏အဆုံးအဖြတ်ပေါ်တွင်သာမူတည်ကြောင်း ဗီလာနည်းပြမာတင်အိုနေးလ်က ဝန်ခံပြောကြားသည်။ (အင်တာနက်)

အမေရိကန်ပီဂျီအေတိုးဂေါက်သီးရိုက်ပြိုင်ပွဲ ဘရိုင်ယန်ဂေး အနိုင်ရဗိုလ်စွဲ

နယူးယောက် ဧပြီ ၂၂

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ် ဟီလ်တန်မက်ဒ်ကျွန်းစု၌ကျင်းပသည့် ပီဂျီအေတိုးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဧပြီ ၁၉ရက်က ဂေါက်သီးကြယ်ပွင့် ဘရိုင်ယန်ဂေးသည် ၄င်း၏ ဒုတိယမြောက် ပီဂျီအေသရဖူကို စံချိန်တင်ဆွတ်ခူးနိုင်ခဲ့သည်။

နောက်ဆုံးနေ့ပွဲစဉ်

ယင်းပြိုင်ပွဲ၏နောက်ဆုံးနေ့ပွဲစဉ်တွင် ဂေးသည် သတ်မှတ်ရိုက်ချက်အောက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်း ၆၄ ချက် ရိုက်ခဲ့သည်။ ၄င်းသည် ပွဲစဉ်အားလုံးတွင် သတ်မှတ်ရိုက်ချက်အောက် အချက်၂၀လျှော့ရိုက်ခဲ့ပြီး စုစုပေါင်း ၂၆၄ချက် ရိုက်ခဲ့သည်။

အသက် ၃၇နှစ်ရှိ ဂေးသည် ၄င်း၏ ဂေါက်သီးသမားသက်တမ်းတစ်လျှောက် ၂၉၃ပွဲမြောက် ယင်းပွဲစဉ်တွင် အောင်မြင်မှု မှတ်တိုင်မစိုက်ထူနိုင်မီ ဆယ်စုနှစ်တစ်နှစ်ကျော် ခက်ခက်ခဲခဲကြိုးစားရှန်းကန်ခဲ့ရပြီး ယင်းပွဲစဉ်သည် ၄င်း၏ ကုန်းပြင်မြင့်ဂေါက်သီးပြိုင်ပွဲတွင် နောက်ဆုံးပွဲစဉ်ဖြစ်သည်။ (အင်တာနက်)

မန်ယူတိုက်စစ်မှူး တီဗက်ဇ် နွေရာသီတွင်အသင်းမှထွက်ခွာဖွယ်ရှိ

လန်ဒန် ဧပြီ ၂၂

မန်ယူတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အနေဖြင့် အသင်း၏ပထမပွဲထွက်လူစာရင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရေးနှင့် ပြိုင်ပွဲကြီးများတွင် အရွေးချယ်ခံရရေး လိုအပ်ကြောင်း ဝန်ခံပြောကြားပြီးနောက် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အသင်းမှ တီဗက်ဇ်ထွက်ခွာရေးမှာ နီးစပ်လာပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကြိုးစားခဲ့

အသက် ၂၅နှစ်ရှိ တီဗက်ဇ်သည် ကီယာဂျော်ရက်ဘ်ချိန်းမီဒီယာအားကစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစု(အမ်အက်စ်အိုင်)မှ နှစ်နှစ်အငှားစာချုပ်ဖြင့် မန်ယူအသင်း၌ လာရောက်ကစားနေသူဖြစ်ပြီး မန်ယူတွင် ၄င်း၏စာချုပ်သက်တမ်းသည် ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ပရီမီယာလိဂ်ချန်ပီယံမန်ယူသည် ၄င်းအား အမြဲတမ်းစာချုပ်ခေါ်ယူနိုင်ရန် ကြိုးစားခဲ့သည်။

နှောင့်နှေးလျက်ရှိ

တီဗက်ဇ်၏ ပြောင်းရွှေ့ကြေးကို ယင်းလုပ်ငန်းစုက ပေါင်သန်း ၃၀အထိ တောင်းဆိုခဲ့သောကြောင့် မန်ယူအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုရေး နှောင့်နှေးလျက်ရှိသည်။ မန်ယူနည်းပြ ဖာဂူဆန်သည် အရေးကြီးပွဲစဉ်များတွင် ရွန်နေနှင့် ဘာဘာတော့ဗ်တို့၏ နေရာများတွင် တီဗက်ဇ်အား လူစားလဲကစားလေ့ရှိသည်။

အာဂျင်တီးနားလက်ရွေးစင် တီဗက်ဇ်သည် ယခုရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲပေါင်း ၃၁ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၁၃ပွဲ အရန်ခုံတွင် ထိုင်နေခဲ့ရကာ ၁၃ဂိုး သွင်းယူထားသူဖြစ်သည်။

(အင်တာနက်)

မန်ယူတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်

စုစည်းရေးသားသူ ချစ်စိုးနိုင်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ဆပ်ပြာစက်ရုံများအတွက် လိုအပ်လျက်ရှိသော စက်နှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ ၂၉-၅-၂၀၀၉ရက် ၁၄နာရီ နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၄-၂၀၀၉ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆပ်ပြာစက်ရုံအမှတ်(၁)
ဘုရင့်နောင်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၈၁၅၈၂၊ ၆၈၁၅၈၆။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွင် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ နေပြည်တော်သို့ ၃၀-၄-၂၀၀၉ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၂-၄-၂၀၀၉ ရက်မှ စတင်၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ရုံးအမှတ် ၂၁၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၁၆၀၊ ၄၀၄၁၆၁။

နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဘိုကြည် (ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ ငြိမ်း) နှင့် ချစ်မေမေ ဒေါ်တင်တင်ဝင်းတို့၏ ၂၃-၄-၂၀၀၉ရက်တွင် ကျရောက်သော နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာမှသည် နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ သမီး၊ မြေးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊ သမီး၊ မြေးများ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) လေယာဉ်မှူးကြီး-
(မြန်မာ့လေကြောင်း)-ဒေါ်အေးအေးတို့၏သား

ဗိုလ်အောင်ကိုနိုင် B.E (Mech) (DSTA) နှင့်

နေပြည်တော် ပျဉ်းမနားနေ
ဦးသန်းထွန်းအောင်-ဒေါ်ခင်ထွေးကြည်တို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာနှင်းဖြူဖြူအောင် (B.V.Sc)

တို့သည်၁၉-၄-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်အောင်ကိုနိုင်-ဒေါက်တာနှင်းဖြူဖြူအောင်။

အမည်ပြည့်စွက်ခေါ်ပါရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်နေ အဖ ဦးကျော်သန်း၏သား ဦးခိုင်အောင်၁၀/မဒန(နိုင်)၀၀၆၁၀၁အား ဦးခိုင်အောင်(ခ) ဦးခင်ဇော်ဟု ပြည့်စွက်ခေါ်ပါရန်။
ဦးခိုင်အောင်(ခ)ဦးခင်ဇော် ၁၀/မဒန(နိုင်)၀၀၆၁၀၁။





လင်း

သွားနှင့်ခံတွင်းဆေးကုခန်း

အမှတ် ၁၃၉ (ဒုတိယထပ်)၊ အနော်ရထာလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ ရန်ကုန်။

နေ့စဉ် နံနက် ၉ နာရီမှ
ည ၉ နာရီအထိ။

ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၁-၂၂၉၈၈၄
၀၉-၅၀-၂၇၆၁၆။

မင်္ဂလာဆုတောင်း

ဗိုလ်ကြီးကျော်စွာထွန်း B.C.Sc (D.S.A), နှင့် မအေးသန္တာကျော် B.Sc (Physics), အလက သဉောင်နှစ်ပင်တို့၏ ၂၉-၃-၂၀၀၉ရက် မင်္ဂလာရက်မြတ်မှသည် နှစ်၁၂၀တိုင် အတူတကွ ပျော်ရွှင်အောင်မြင်မှုများစွာဖြင့် ဖြတ်သန်းနိုင်စေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ဖေဖေ	-	**ဗိုလ်ကြီးကျော်ရှိန်(ငြိမ်း)**
မေမေ	-	**ဒေါ်ခင်နှင်းဝေ(ခ)ဒေါ်ဝေဝေ**
ကိုကိုကြီး	-	**ကျော်မျိုးဦး**
မမကြီး	-	**ခင်အိအိရှိန်**
မောင်လေး	-	**ကျော်တေဇမျိုး။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးစိန်ထွန်းနှင့် ကျွန်မ ဒေါ်စန်းစန်းနုတို့၏ သမီးဖြစ်သူ မမီမီထွန်း ၅/မမန(နိုင်) ၀၇၇၉၆၇သည် မိဘများ၏ စကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် အိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ထွန်း-ဒေါ်စန်းစန်းနု။

အမြန်ပြန်လာပါ

သမီးလေး **ဆွေဇင်သန့်(ပုံ့လေး)** အားလုံး စိတ်ပူနေကြတယ်။ အားလုံးခွင့်လွှတ်တယ်။ အိမ်ကို အမြန်ပြန်လာပါ။ စိတ်ချမ်းသာစေရမယ်။ အဖေ ကျန်းမာရေးအခြေအနေမကောင်းဖြစ်နေတယ်။

ဖေဖေ-မေမေ
ဖုန်း-၅၃၅၉၈၇၊ ၀၉-၂၀-၀၀၆၆၆။

ရှင်းလင်းတင်ပြ

မင်းပြားမြို့ ဦးဥတ္တမလမ်း ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဝမ်းပျက်/ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး မရမ်းကုန်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၂

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်များသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးချိုနှင့် ကျန်းမာရေးဆရာမများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူလူထုများပူးပေါင်း၍ ရောဂါဖြစ်ပွားနိုင်သည့် နေအိမ်များ၊ လမ်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေများ၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှုများကို ပညာပေးခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ပညာပေးဟောပြော

ထိုသို့ ဆောင်ရွက်ရာတွင် ဧပြီ ၂၁ ရက် ညနေ ၅ နာရီက အမှတ်(၈)ရပ်ကွက် ရေကူးဘူတာရုံလမ်း၌ရှိသော လောကသစ္စာဓမ္မာရုံတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း **(အပေါ်ပုံ)**နှင့် ဒုတိယမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးချိုတို့က ကျန်းမာရေးပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြသည်။ (၁၁၁)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီ စင်တီဂရိတ်၊ မန္တလေးတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ညောင်ဦးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ဒသမ၉၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ဒသမ ၃၈လက်မ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ ၁၄လက်မ၊ မိုးကုတ်မြို့နှင့် သထုံမြို့တို့တွင် ၀ ဒသမ ၇၉လက်မစီ၊ ရေးမြို့တွင် ၀ဒသမ ၆၃လက်မနှင့် လားရှိုးမြို့တွင် ၀ဒသမ ၅၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၃ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မေ ၂ ရက် (စနေနေ့)တွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဓမ္မာရုံတွင် နံနက် ၁၀ နာရီ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုပါ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၏ မိသားစုဝင်များမှ အသက် ၈၀ နှင့်အထက် အပူဇော်ခံများ စာရင်းနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားများစာရင်းတို့ကို ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၅၆၄၂၊ ဦးသာအောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၆၄၁၆၇၉၊ ဦးမြသော် ဒုတိယဥက္ကဋ္ဌ ဖုန်း-၆၆၆၈၀၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၅၀၃၂၆၀ နှင့် အဖွဲ့ဝင် ဦးမောင်လှ၊ ဖုန်း-၅၃၇၃၅၄ တို့သို့ အချိန်မီပေးပို့ရန်နှင့် မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ ရန်ကုန်နယ်နိမိတ်အတွင်း အခြေချနေထိုင်ကြသော မြို့သစ်ဇာတိနွယ်ဖွားများ၊ အသင်းဝင်ဖြစ်စေ၊ အသင်းဝင်မဟုတ်သည်ဖြစ်စေ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး၊
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ပုသိမ်၌ တိုင်းကျိုးပြည်ပြုအထူးပြပွဲနှင့် ပန်းရောယှဉ်ကျေးမှုပန်းချီပြိုင်

ရန်ကုန် ဧပြီ ၂၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်မှ ကြီးမှူးကျင်းပသော တိုင်းကျိုးပြည်ပြုအထူးပြပွဲနှင့် ပန်းရောယှဉ်ကျေးမှုပန်းချီပြပွဲ၊ ပြိုင်ပွဲကို မတ် ၁၆ရက်က ပုသိမ်မြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၌ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန တိုင်းဦးစီးအရာရှိ ဒေါ်သီတာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် တာဝန်ရှိသူတို့က တိုင်းကျိုးပြည်ပြုအထူးပြပွဲ ဓာတ်ပုံမှတ်တမ်းများနှင့် ပန်းရောယှဉ်ကျေးမှု ပန်းချီပြိုင်ပွဲဝင် အမှတ်(၂) အထက ပဉ္စမတန်းကျောင်းသူလေး မလင်းလက်လက်လွင်နှင့် မယွန်းဝတီမြတ်တို့၏ ယှဉ်ပြိုင်ရေးဆွဲမှုကို စိတ်ဝင်စားစွာ ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ) (သတင်းစဉ်)**

သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို မတ်၃၁ရက်က အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ကျင်းပရာ ရပ်ကွက်နေ ပြည်သူများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက မီးဘေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများ ဆွေးနွေးဟောပြောစဉ်။ (ဝ၂ဝ)

အကြိုအခြေခံ မီးသတ်သင်တန်း မြောင် ပရိမ္မစံပြကျေးရွာ၌ဖွင့်

မြောင် ဧပြီ ၁၆

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ရွှေပန်းတိုက်နယ် ပရိမ္မစံပြကျေးရွာတွင် အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၉) သင်တန်းဖွင့်ပွဲကို ဧပြီ ၄ရက် နံနက် ၈နာရီက ပရိမ္မစံပြကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅ဦး တက်ရောက်ပြီး သင်တန်းကာလ ၁၀ရက်ကြာမြင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မတ်၂၈ရက်က သနပ်ပင်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပထမရရှိသော စဥ့်အိုးဖိုကျေးရွာအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က ငွေကျပ်တစ်သိန်းနှင့် တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ဝ၅ဝ)

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို မတ်၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးကြည်တို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပုလဲမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းခင်း

ပုလဲ ဧပြီ ၁၈

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ ဦးလှမျိုးအောင်၊ မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲလွင်တို့နှင့်အတူ ဧပြီ ၈ရက်က ကျေးနင်းကြီးရွာ ပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသည့် ပုလဲ-ကျေးနင်းကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် ကျေးနင်းကြီးရွာ ကျေးလက်ခန်းမ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ နိုင်ငံတော်မှဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးမှာကြားသည်။

အဆိုပါ လမ်းသည် နားတော်ရှောက်၊ ကျေးနင်း၊ သေတ္တရာ၊ မြကုန်း ကျေးရွာများနှင့် ပုလဲမြို့သို့ ဆက်သွယ်ထားသည့် လမ်းဖြစ်ပြီး လမ်းအရှည် သုံးမိုင် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရမည်းသင်း၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ရမည်းသင်း ဧပြီ ၁၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် ရေဦးအုပ်စု မကျီးစုကျေးရွာတွင် အနာဂတ်မိုးကောင်းကင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သုတ၊ရသ စာအုပ်၅၀ကို လည်းကောင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်က သုတ၊ ရသစာအုပ် ၅၀ကို လည်းကောင်း လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးတင်ရွှေက လက်ခံယူပြီး မကျီးစုကျေးရွာမှ စာအုပ်အလှူရှင်များက ဆက်လက် လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

ဆုများချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဆွေးနွေးပြီး မကျီးစုကျေးရွာ အခြေခံပညာမူလတန်းအဆင့် ပညာရည်ချွန်ဆုနှင့် အားကစား ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မှုခင်းသတင်း ပုသိမ်မြို့၌ ခယ်မကို ရိုက်နှက်ရာမှ ယောက်ဖလက်ချက်ဖြင့် သေဆုံးမှုဖြစ်ပွား

ပုသိမ် ဧပြီ ၂၁

ခယ်မဖြစ်သူကို ဆဲဆိုရိုက်နှက်ရာမှ ယောက်ဖဖြစ်သူလက်ချက်ဖြင့် သေဆုံးရမှု ပုသိမ်မြို့ကြည်သာကျေးရွာ၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၁ရက် ည၉နာရီခန့်က ပုသိမ်မြို့ ဇင်ပြွန်းကုန်းရဲကင်းအပိုင် ကြည်သာကျေးရွာနေ သစ်စက် သစ်ထမ်းလုပ်သား စျန်အောင်သည် အလုပ်မှ နေအိမ်သို့အပြန်အရက်မူးလာပြီး နေအိမ်၌ရှိသော ဇနီးဖြစ်သူမတင်တင်လှိုင်နှင့်စကားများရန်ဖြစ်ကြသည်။ မတင်တင်လှိုင်က ညစာထမင်းချက်ရန် ဆန်ဝယ်ထွက်သွားစဉ် စျန်အောင်က နေအိမ်၌ကျန်ရစ်သော သားငယ် ချမ်းငြိမ်းလင်းအား မာန်မဲရိုက်နှက်ရာ ခယ်မဖြစ်သူ မမိုးမိုးအေးက တူဖြစ်သူ ချမ်းငြိမ်းလင်းအား သွားရောက်ခေါ်ယူစဉ် စျန်အောင်က ခယ်မဖြစ်သူ မမိုးမိုးအေးအား ဆဲဆိုရိုက်နှက်နေသည်ကို အလုပ်မှပြန်လာသော ယောက်ဖဖြစ်သူ မဲလုံး(ခ)စိုင်းသီဟက မြင်တွေ့ရ၍ အပြေးသွားပြီး အနီးရှိ သစ်ပုံအတွင်းမှ ၃"×၁"-၁၈လက်မအရှည် သစ်သားပိုင်းဖြင့် ရိုက်နှက်လိုက်ရာ စျန်အောင်မှာ ခွေလဲကျသွားသည်။ မမိုးမိုးအေးက ရရှိထားသော ဒဏ်ရာများဖြင့် ဇင်ပြွန်းကုန်း ရဲကင်းသို့ သွားရောက်၍ ခဲအိုဖြစ်သူစျန်အောင်ကို အမှုဖွင့်တိုင်တန်းရာ (ပ) ၁၂၈-၂၀၀၉/ ပြစ်မှုပုဒ်မ၃၂၅ဖြင့် ရဲကင်းမှူး ဒုရဲအုပ်ထင်ကျော်က အမှုဖွင့်ခဲ့သည်။

ဧပြီ ၁၂ရက် နံနက် ၁၁နာရီခွဲတွင် အခင်းဖြစ်ပွားရာနေအိမ်သို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ စျန်အောင်သည် ယောက်ဖဖြစ်သူလက်ချက်ဖြင့် ဦးခေါင်းတွင် ဒဏ်ရာတစ်ချက်ရရှိထားပြီး အဖျားတက်နေသဖြင့် ပုသိမ်ဆေးရုံသို့တင်ပို့ရန် စီစဉ်နေစဉ် မွန်းလွဲ၂နာရီ၌သေဆုံးသွားသည်။

တင်ပြ

ထို့ကြောင့် အမှုကိုမူလဖွင့်လှစ်စစ်ဆေးခဲ့သော ပြစ်မှုပုဒ်မ ၃၂၅မှ ၃၀၂သို့ ပြောင်း၍ အသည်ကြီးရဲစခန်း စခန်းမှူး ရဲအုပ် ကျော်ဇေယျက အမှုစစ်အရာရှိ အဖြစ်ဆောင်ရွက်ပြီး မဲလုံး(ခ)စိုင်းသီဟ (အသက်၃၀) အဖ ဦးအေးခိုင်အား ပုသိမ် ခရိုင်တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဥပဒေအကြံပြုချက် တင်ပြထားကြောင်း သိရသည်။ (၁၅၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်ရေးနှင့်လေ့ကျင့်ရေးအဖွဲ့

Civil Service Selection and Training Board

[B.A (English / EOP / EPP)]

[illegible]

ရွှေလီဦး
စုပေါင်းသယ်ယူပို့ဆောင်ရေးမှ ဖိတ်ခေါ်သံ

ရွှေမန္တလေးမှ ရွှေမူဆယ်သွားမည့် ရွှေခရီးသွားဧည့်သည်များကို ရွှေလီဦး စုပေါင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ ရွှေလက်နဲ့ ကမ်းလှမ်းလို့ ခေါ်လိုက်တယ်။ ၂၃-၄-၂၀၀၉ ရက် အဆင့်မြင့်လေအိတ်ကြီးများ ဆက်ဆက် ပြန်ထွက်မယ်။ ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပါသည်။

မန္တလေး	မူဆယ်
ဖုန်း-၀၂-၆၄၅၇၃၊	ဖုန်း-၀၈၂-၅၂၁၂၆၊
၀၂-၆၉၇၅၇၊	၀၈၂-၅၂၃၅၉၊
၀၉-၂၀-၅၀၁၀၃၊	၀၉-၂၀-၅၀၁၀၄၊
၀၉-၅၁-၇၈၈၈၃။	ပီတာ (ရွှေလီဦး ဂိတ်ပိုင်)
	ဖုန်း-၀၉-၂၀-၀၄၂၂၃။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်-၄၈၆

ဒေါ်မျိုးမျိုးဝင်း တိုက်အမှတ်(၉)၊ တတိယထပ် (၇)ရပ်ကွက်၊ ၂၄ လမ်း၊ လသာမြို့နယ်။ **တရားနိုင်**	**နှင့်**	လင်းသစ္စာထရေးဒင်းကုမ္ပဏီလီမိတက် (၄င်းကိုယ်စား ဦးစံထွန်းအောင်) တိုက်အမှတ်-၆၄၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၁၃၀၆/၂၀၀၄ အမှုတွင် ၃-၉-၂၀၀၄ ရက်တွင် ချမှတ်သောအမိန့်နှင့် ဒီကရီကိုအတည်ပြုဆောင်ရွက်နိုင်ရန်အတွက် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၉ ခုနှစ် မေ ၂၈ရက် (၁၃၇၁ခုနှစ် နယုန်လဆန်း ၅ ရက်) နံနက် ၁၁နာရီအချိန်တွင် အောက်ဖော်ပြပါပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်၍ ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

လင်းသစ္စာအထည်ချုပ်စက်ရုံနှင့် တည်ရာမြေ အမှတ်-၈၂၃ (က/ခ)၊ ၈၂၄ (က/ခ)၊ ပေ၈၀× ပေ ၆၀၊ ကံ့ကော်မြိုင်လမ်း၊ ၁၇ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်တွင်ရှိ အဆောက်အအုံ၊ ယင်းမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့မှာ တရားရုံးလက်ဝယ်ရှိပါသည်။

ကြမ်းခင်းဈေး ကျပ်သိန်း ၉၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်ဖြစ်သည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက မှတ်ယူလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထို့သို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူသည် ကျန်ငွေအားလုံးကို ပစ္စည်းရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်လှစ်သည့်နေ့တွင် ပေးသွင်းရမည်။

(၆) လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၉ ခုနှစ် ဧပြီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

YANGON METAL INDUSTRY CO., LTD.

ဘက်ထရီ
အိုးဟောင်းများဝယ်သည်

TOYO,GS,3K,FB,YUASA,YUCON

20 Ah	(2,150) ကျပ်	NS100 (80 Ah)	(7,900) ကျပ်
35 Ah	(3,600) ကျပ်	100 Ah	(9,300) ကျပ်
45 Ah	(4,300) ကျပ်	N120PP(110 Ah)	(10,800) ကျပ်
60 Ah	(6,100) ကျပ်	120 Ah	(12,300) ကျပ်
70 Ah	(7,200) ကျပ်	150 Ah	(14,400) ကျပ်
75 Ah	(7,600) ကျပ်	200 Ah	(18,800) ကျပ်

Ph: 682268

Ph: 252495, 250241

YMI

F/S14

Ph:527667, 701719, 701720

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းမကြီး၊ ဗဟိုစံပြငါးဈေးရှေ့အမှတ်(၃၁၀)နေ ဒေါ်ယဉ်ယဉ်လှိုင် ၁၂/ဥကတ(နိုင်)၁၂၆၁၄၄ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ကိုယ်တိုင်တီထွင်ထုတ်လုပ်၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၄/၂၆၉၅/၂၀၀၉)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

D ONE

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် အထည်ချုပ်လုပ်ငန်းမှ အမျိုးသား၊ အမျိုးသမီး၊ ကလေးဝတ်တီရှပ်မျိုးစုံနှင့် အခြားအဝတ်အထည်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသား တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ သိုလှောင်လက်ဝယ်ထားရှိခြင်း မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ တုပသုံးစွဲမှုပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိ
တရားရုံးချုပ်ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းဥပဒေအကြံပေး
အမှတ်(၂၇/A)၊ မြေညီထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆/၄၇၀၁ လက်ဝယ်ရှိသူဦးအောင်ခိုင်လင်း၈/ပဖန(နိုင်)၀၇၉၁၉၆ က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

ပေါင်မြို့ ပေါင်းရပ်ကွက် ဝင်းခလုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၅ ရက်က အဆိုပါလမ်းသစ် မုခ်ဦးရှေ့တွင် ကျင်းပရာ ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးလမ်းသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၇၆)

လေးဘီးထွန်စက်ငယ်ဖြင့် မျိုးစေ့ချနည်း လက်တွေ့သရုပ်ပြပွဲ ယင်းမာပင်၌ကျင်းပ

ယင်းမာပင် ဧပြီ ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာ၌ သီဟထွန်းကုမ္ပဏီမှ ထုတ်လုပ်သော လေးဘီးထွန်စက်ငယ်နှင့် တွဲဖက်အသုံးပြုသည့် မျိုးစေ့ချကိရိယာ လက်တွေ့အသုံးချထွန်ယက်ပြသပွဲကို မတ် ၁၉ရက် နံနက် ၉နာရီက အဆိုပါကျေးရွာမှ တောင်သူဦးကျော်မြင့်၏ ယာခင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးမြင့်အောင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူးဦးဇော်လွင်ဦး၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ဦးမြသောင်၊ သီဟထွန်းကုမ္ပဏီမှ ဦးမင်းအောင်နှင့် ကုမ္ပဏီဝန်ထမ်းများနှင့် ကျေးရွာမှ တောင်သူ ၃၀၀တို့ တက်ရောက်လေ့လာကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ သီဟထွန်းကုမ္ပဏီမှ ဦးမင်းအောင်က လေးဘီးထွန်စက်ငယ်၏ စက်စွမ်းရည်နှင့် ရောင်းချမည့်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကုမ္ပဏီမှဝန်ထမ်းများက သီဟထွန်းကုမ္ပဏီမှ ထုတ်လုပ်သောလေးဘီး ထွန်စက်ငယ်နှင့် တွဲဖက်အသုံးပြုသည့် မျိုးစေ့ချကိရိယာ အသုံးချနည်းများကို လက်တွေ့ ထွန်ယက်ပြသခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရမည်းသင်း မြို့မဈေးအရန်မီးသတ်သင်တန်းဖွင့် ဝတ်စုံကြေးငွေများ ပေးအပ်လှူဒါန်း

ရမည်းသင်း ဧပြီ ၁၂

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ညှိနှိုင်းပူးပေါင်းဖွင့်လှစ်သည့် ဈေးအရန်မီးသတ်တပ်ဖွဲ့ သင်တန်းဖွင့်ပွဲနှင့် ဝတ်စုံကြေးငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၉နာရီက ရမည်းသင်းမြို့ သီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးဦးခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးမြတ်သူဆွေနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က အမှာစကား ပြောကြားကြပြီး မြို့မဈေးသူ ဈေးသားများ စုပေါင်းလှူဒါန်းကြသည့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက်ဝတ်စုံကြေးငွေကျပ်၅၅၀၀၀၀ ကို ဈေးအကျိုးဆောင် ဒေါ်ကြည်ကြည်တင်(ခ)မငယ်က ပေးအပ်လှူဒါန်းရာ ဈေးဥက္ကဋ္ဌ ဦးညွန့်မောင်က လက်ခံယူသည်။ ယင်းသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ဖြစ်သည်။ **(၁၆၉)**

နှစ်စဉ်ပျမ်းမျှ ရေအားလျှပ်စစ်ကီလိုဝပ် နာရီသန်း ၁၉၀ ထုတ်လုပ်၍ လယ်မြေဧက တစ်သိန်းတစ်သောင်းအတွက်ပါ ရေပေးဝေနိုင်မည့်

ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း ဓာတ်ပုံ - မောင်မောင်

စာမျက်နှာဖွဲ့စည်းမှု ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၂

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့်တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ့်အင်ကိုယ့်အားကိုယ့်စွမ်းပကားဖြင့် အစွမ်းကုန်ဘက်စုံ၊ ထောင့်စုံမှ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းရှိ ပင်မတာမံနှင့် ရေပိုလွှဲ(ရေခေါ်မြောင်း)ကို မတ် ၃၁ ရက်က ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နွေစပါးဧက ၄၀၀၀ နှင့် နွေနှမ်းဧက ၁၀၀၀ ကို ရေပေးဝေနေသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်က ပြိုင်းချောင်းရေလှောင်တမံ

သတင်းခရီးသည် - သတင်းထောက် စဥ့်ကူစိုးဝင်း

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

စစ်တွေ ဧပြီ ၂၂

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံမှ နွေစပါးဧက ၄၀၀၀၊ နွေနှမ်းဧက ၁၀၀၀ သို့ ရေပေးဝေကာ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် အထွက်တိုးရန် ကြိုးပမ်းနေမှုကို မကြာမီက သတင်းခရီးအဖြစ် ကွင်းဆင်းလေ့လာခဲ့သည်။

ပြိုင်းချောင်းရေလှောင်တမံ

သတင်းအဖွဲ့နှင့်အတူ စစ်တွေမြို့မှ ဦးစီးအရာရှိ ဦးခင်မောင်ထွေး၊ MRTV-4 မှ ဒေါ်မေလိခစိုး၊ ဒေါ်ဇာဖြူဝင်း၊ ကင်မရာမင်းများဖြစ်ကြသည့် ဦးကျော်မင်းသီဟ၊ ဦးကျော်မင်းထွေးတို့ လိုက်ပါလာကြပြီး ကျောက်တော်မြို့အနောက်ဘက် ၁၂မိုင် အကွာရှိ ပြိုင်းချောင်းရေလှောင်တမံသို့ သွားရောက်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

မော်တော်ကားလမ်းနှင့်ရေမြောင်း တွဲဖက်ဆောက်လုပ်ထားသည့် ချောင်းကူးတံတားကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)